# ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

## နိုင်ငံရေးအကျဉ်းသားသတင်း
## ၂၀၀၄ ဧပြီ

- ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ မင်းကိုနိုင် စစ်တွေထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ ၁၊ ဧပြီ၊ ၂၀၀၄
- သေဒဏ်ပေးခံထားရသူများအမှု ဧပြီလ ၆ ရက်နေ့တွင် ပြန်လည်ကြားနာစစ်ဆေးမည် ၃၊ ဧပြီ၊ ၂၀၀၄
- နွေစပါးစိုက်ရန် ငြင်းဆိုသူ ရှမ်းပြည်နယ်မှ လယ်သမား ၄ ဦး အာဏာပိုင်တို့ ဖမ်းဆီးခံရ ၃၊ ဧပြီ၊ ၂၀၀၄
- နိုင်ငံရေးအကျဉ်းသား ပုဂံသန်းနိုင် မော်လမြိုင်ထောင်တွင်း၌ကျန်းမာရေးဆိုးရွားနေ ၄၊ ဧပြီ၊ ၂၀၀၄
- အကျဉ်းကျခံ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့်ပတ်သက်၍ ညီဖြစ်သူ၏ ဇနီးအား အမှုဆင်ဖမ်းဆီး ၅၊ ဧပြီ၊ ၂၀၀၄
- သေဒဏ်ချမှတ်ခံရသူ ၉ ဦး၏အယူခံလွှာကို ကြားနာ ဆုံးဖြတ်ချက် မချမှတ်သေး ၆၊ ဧပြီ၊ ၂၀၀၄
- နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်း၏ ဇနီးနှင့် ဆက်သွယ်မေးမြန်းချက် ၆၊ ဧပြီ၊ ၂၀၀၄
- သေဒဏ်ချမှတ်ခံရသူ ၉ ဦး၏ အကျိုးဆောင်ရှေ့နေကြီးနှင့်ဆက်သွယ်မေးမြန်းချက် ၇၊ ဧပြီ၊ ၂၀၀၄
- ကျောင်းသားခေါင်းဆောင်ကိုသက်ဝင်းအောင် ကျန်းမာရေးအခြေအနေဆိုးရွားနေ ၉၊ ဧပြီ၊ ၂၀၀၄
- နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့်ဓာတ်ပုံဆရာ ကိုဆန်နီ ခွန္တီးထောင်မှ လွတ်မြောက် ၁၂၊ ဧပြီ၊ ၂၀၀၄
- နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခံနေရသည့် ဦးအောင်ရွှေနှင့် ဦးလွင် ပြန်လည်လွတ်မြောက် ၃၊ ဧပြီ၊ ၂၀၀၄
- အမှုဆင်ဖမ်းဆီးခံရသူ မသီတာပြန်လည်လွတ်မြောက် ၁၃၊ ဧပြီ၊ ၂၀၀၄
- ခွန္တီးထောင်မှ ပြန်လည်လွတ်မြောက်လာသူ ဓာတ်ပုံ ကိုဆန်နီနှင့် ဆက်သွယ်မေးမြန်းချက် ၁၃၊ ဧပြီ၊ ၂၀၀၄
- နှစ်ရှည်ထောင်ဒဏ်ကျခံခဲ့ရသူ ဦးငြိမ်းမောင်နှင့် ဆက်သွယ်မေးမြန်းချက် ၁၆၊ ဧပြီ၊ ၂၀၀၄
- သေဒဏ်ချမှတ်ထားမှုအပေါ် သက်ညှာစွာ စဉ်းစားပေးရန် RSF နှင့် BMA တို့ကတောင်းဆို ၂၂၊ ဧပြီ၊ ၂၀၀၄
- အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသူဘိုးတော်ခင်ဝင်း (ခေါ်) ကိုခင်ဝင်း ဆေးဝါးကုသမှုခံယူနေရ ၂၃၊ ဧပြီ၊ ၂၀၀၄
- ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးခံထားရသူများထဲမှ ၂၇ ဦးကို ပြန်လည် လွှတ်ပေးလိုက် ၂၅၊ ဧပြီ၊ ၂၀၀၄
- ရွှေဘိုနှင့် မန္တလေးထောင်တို့မှ ပြန်လည်လွတ်မြောက်လာသူ ၂၇ ဦး၏ အမည်စာရင်း ၂၆၊ ဧပြီ၊ ၂၀၀၄
- အဖွဲ့ချုပ်ဝင် ၃ ဦးအပါအဝင် ၁၁၈ ဦးကို မုံရွာနှင့် မန္တလေးထောင်များတွင် ဆက်လက် ဖမ်းဆီးထား ၂၆၊ ဧပြီ၊ ၂၀၀၄
- မေလ စည်းရုံးရေးခရီးစဉ်အတွင်း ဖမ်းဆီးခံထားရသူ ကိုရှင်းသန့် ကသာထောင်မှ ပြန်လည်လွတ်မြောက် ၂၇၊ ဧပြီ၊ ၂၀၀၄
- နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန်မျှော်လင့်မှု မရေမရာရှိနေဆဲ ၃၀၊ ဧပြီ၊ ၂၀၀၄

## ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ မင်းကိုနိုင် စစ်တွေထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ

*၁ ၊ မေ ၊ ၂၀၀၄*

စစ်တွေအကျဉ်းထောင်၌ မတရားဖမ်းဆီးခံနေရသည့် ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ မင်းကိုနိုင် ကျန်းမာရေးအခြေအနေဆိုးရွားနေကြောင်း သိရသည်။ ရန်ကုန်၊ သင်္ဃန်းကျွန်းရှိ မင်းကိုနိုင်၏မိခင်နှင့်အစ်မတို့ကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ထောင်ဝင်စာတွေ့ခွင့်ပြုခဲ့ပြီးနောက် ယခုလို သတင်းကြားခဲ့ရခြင်း ဖြစ်ကြောင်း သင်္ဃန်းကျွန်း မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဒီဗွီဘီကို ယခုလိုပြောပြသည်။

"မတ်လ ၂၈ ရက်နေ့က ထောင်ဝင်စာကို အမေနဲ့အစ်မက သွားတွေ့တယ်။ အခု မတ်လ ၃၀ ရက်နေ့မှာ ပြန်ရောက်လာတယ်။ မင်းကိုနိုင် ကို တော့ စစ်တွေအကျဉ်းထောင် သူ့အခန်းထဲမှာ တယောက်ထဲထားတယ်တဲ့။ ကျန်းမာရေးကတော့ လက်တဖက်ကိုက်ခဲနေတယ်တဲ့။ ခုချိန်မှာတော့ ဘာသာရေး စာပေတွေ ဖတ်လို့ရတယ်တဲ့။ စိတ်ဓါတ်ကတော့ ခိုင်မာနေဆဲပဲတဲ့။ ဒါတွေကတော့ ဒီနေ့ သူ့မိသားစုကိုသွားမေးတော့ ကျနော့်ကိုပြန်ပြောပြတဲ့ အချက်တွေ ပေါ့"

ရှစ်လေးလုံးကာလ၏ အထင်ရှားဆုံးကျောင်းသားခေါင်းဆောင် မင်းကိုနိုင်သည် ၁၉၈၉ ခုနှစ်၌ စစ်ထောက်လှမ်းရေး၏ဖမ်းဆီးခြင်းခံခဲ့ရပြီး ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံခဲ့ရသည်။ နောက်ပိုင်း၌ လွတ်ငြိမ်းချမ်းသာခွင့်ရရှိပြီး ၁၀ နှစ်အထိလျှော့ချပေးခဲ့သည်။ သို့သော်လည်း ယခု ထောင်သက် ၁၅ နှစ် ကျော် သည်အထိ ပြန်လွှတ်ပေးခြင်း မရှိသေးပေ။ ထိုကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းသည့်အခါ ပုဒ်မ ၁၀ (က) နှင့်ထောင်သက်တိုးထား ခြင်းမှန်ကန်လျှင် ၅ နှစ် ထက် ပိုပြီး ချုပ်နှောင်ပိုင်ခွင့်မရှိဟု ဦးသိန်းညွန့်က ဖြေကြားခဲ့သည်။ မင်းကိုနိုင် လွတ်မြောက်လာမည့်အလားအလာကို မေးမြန်းရာ၌လည်း ဦးသိန်းညွန့်က ယခုလို ဖြေကြားခဲ့သည်။

"၁၅နှစ်ဆိုတာ လူငယ်တယောက်အတွက်၊ ကျောင်းသားခေါင်းဆောင်တယောက်အတွက် ကျနော်တို့ဗမာပြည်နိုင်ငံရေးသမိုင်းမှာ ဒီလောက် နှစ်ရှည် လများ အကျဉ်းချခံရတယ်ဆိုတာ ဘယ်သူမှမကြုံခဲ့ဖူးဘူးဘဲ။ ကျနော်တို့ ကျောင်းသားဘဝတုန်းကလည်း ကျနော်တို့လည်း ထိန်းသိမ်းခံခဲ့ရတာပဲ။ ၄ နှစ်ထက် မပိုခဲ့ပါဘူး။ ၄ နှစ် ပြည့်ခါနီးတော့ လွှတ်ပေးခဲ့တာ။ သူ့ကျတော့ ၁၅ နှစ်ဆိုတော့ ကိုယ် ချင်းစာမိတယ်လေ။ ၄ နှစ်လောက် ချုပ်နှောင်ခံရတာတောင် ကျနော်တို့ဘဝတွေကို ပြန်ထူထောင်ရတယ်၊ တော်တော်ရုန်းကန်ရတာပဲ။ သူ့ကို ၁၅ နှစ်ဆိုတော့ အပြင်ပြန်ထွက်လာရင် သူ့ရဲ့စိတ်ဓါတ် ဘယ်လောက်ပဲ ကြံ့ခိုင်နေကြံ့ခိုင်နေ သူ့ရဲ့ကျန်းမာရေး၊ သူ့ရဲ့ရှေ့ခရီးမှာကတော့ လူသားတယောက်အနေနဲ့ အင်မတန်နစ်နာဆုံးရှုံးမှုကြီးမားနေတယ်။ မင်းကိုနိုင်နဲ့ ပတ်သက် ပြီးတော့ သင်္ဃန်းကျွန်း အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကျနော် တသမှတ်တည်း အာဏာပိုင်တွေကို မေတ္တာရပ်ခံပါတယ်။ ဒီ သင်္ကြန်ကာလမှာ သူ့မိသားစု ပျော်ပျော်ရွှင်ရွှင်နဲ့ မြန်မာ့နှစ်သစ်ကူး ကူးနိုင်အောင်လို့ သူတို့ကိုလည်း မေတ္တာရပ်ခံတယ်။ သူ့အတွက်လည်း မြန်မြန်လွှတ်ပါစေလို့ ကျနော် တတ် နိုင်တဲ့ မေတ္တာတရားပို့ ဆုတောင်းပြီးတော့ မျှော်လင့်နေရတာပေါ့"

ယနေ့ရှိသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်ကြေညာချက်၌ နအဖအနေဖြင့် အမျိုးသားညီလာခံကိုမကျင်းပမီ မင်းကိုနိုင်နှင့် ဒေါ်အောင်ဆန်း စုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပထမဆုံးပြန်လွှတ်ပေးရန်လိုအပ်ကြောင်း တောင်းဆိုထားသည်။ အစသို့

## သေဒဏ်ပေးခံထားရသူများအမှု မေလ ၆ ရက်နေ့တွင် ပြန်လည်ကြားနာစစ်ဆေးမည်

*၃ ၊ မေ ၊ ၂၀၀၄*

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ကို မမှန်သတင်းပေး၍ဆိုပြီး သေဒဏ်ချမှတ်ခံထားရသူ ၃ ဦးအပါအဝင် အခြား ၆ ဦးတို့၏အမှုကို လာမည့်မေလ ၆ ရက် အင်္ဂါနေ့၌ ကြားနာစစ်ဆေးရန် ရှိကြောင်း သိရသည်။ ထိုအမှုအပေါ် ILO က ကန့်ကွက်သည့်အပြင် ဥပဒေအကျိုးဆောင်များဘက်ကလည်း ဗဟိုတရားရုံးထံ အယူခံတင်ခဲ့သောကြောင့် ယခုလို ပြန်လည်စစ်ဆေးခြင်းဖြစ်ကြောင်း တရားခံ ၉ ဦးအတွက် ရှေ့နေလိုက်ပေးနေသူ ဗဟိုတရားရုံးရှေ့နေ့တဦးဖြစ်သူ နိုင်ငွေရက ဒီဗွီဘီကို ယခုလိုရှင်းပြခဲ့သည်။

"၉ ယောက်လုံး အယူခံထားပါတယ်။ သေဒဏ်ကို ပယ်ဖျက်ပေးဖို့ပါ။ တရားရုံးချုပ်က တရားသူကြီးများနဲ့ နှစ်ဖက်ကြားနာမယ်လေ။ ကြားနာပြီး အမိန့်ချတဲ့အခါမှာ လွှတ်တဲ့သူက လွှတ်မယ်ပေါ့။ ဥပဒေအရတော့ လွှတ်တဲ့သူက လွှတ်တယ်ပေါ့။ ၆ ရက်နေ့မှာ ချက်ချင်းတော့ အမိန့် မကျသေးပါဘူး။ တပတ် နှစ်ပတ်အတွင်းမှာ အမိန့်ချမှာပါ"

အဆိုပါ ၉ ဦးကို ပြီးခဲ့သည့်နှစ် ဇူလိုင်လ ၁၆ ရက်နေ့က ဖမ်းဆီးခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ခရိုင်တရားရုံးတခုက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း၌ အမှုဟာ မတရားသက်သက် အမှုဆင်ဖမ်းဆီးခြင်းဟု သတင်းများထွက်ပေါ်လာသည့် အပြင် သေဒဏ်ပေးလောက်သည့်အမှုများ မဟုတ်ဟု လည်း ဝေဖန်မှုတို့ထွက်ပေါ်လာခဲ့သည်။ အထူးသဖြင့် အမှုတွဲတွင်ပါဝင်သည့် ဦးရွှေမန်း၊ နိုင်မင်းကြည်နှင့် ဦးအေးမြင့်တို့ ၃ ဦးမှာ အဓမ္မလုပ်အားပေးခိုင်းစေမှု နှင့်ပတ်သက်ပြီး ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO နှင့် ပူးပေါင်းဆောင်ရွက်သောကြောင့် သေဒဏ်ပေးခံရသည့်အပေါ် အများက ဝေဖန်ခဲ့သည်။

ထို့ပြင် First Eleven အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးသည်လည်း ထိုင်းနိုင်ငံရှိ မြန်မာစာနယ်ဇင်းသမားတဦးနှင့် တယ်လီဖုန်း ပြောသောကြောင့် သေဒဏ်အပေးခံရ၍ ဝေဖန်မှုများတိုးပွားနေကြောင်း သိရသည်။ အစသို့

## နွေစပါးစိုက်ရန် ငြင်းဆိုသူ ရှမ်းပြည်နယ်မှ လယ်သမား ၄ ဦး အာဏာပိုင်တို့ ဖမ်းဆီးခံရ

*၃၊ ဧပြီ၊ ၂၀၀၄*

နွေစပါးစိုက်ရမည်ဆိုသည့်အမိန့်ကို ငြင်းပယ်ခဲ့၍ ရှမ်းပြည်နယ်အတွင်းက လယ်သမားကြီး ၄ ဦးကို ဒေသခံအာဏာပိုင်တို့က မတ်လအကုန်၌ ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ဖမ်းဆီးခံရသူများမှာ ရှမ်းပြည်မြောက်ပိုင်း သိန္နီမြို့နယ်၊ ကွန်ကောက်ရွာမှ ဦးအောင်ညွန့်နှင့်အခြားတဦးပဲလွန်ရွာမှ ဦးအောင်လှနှင့် ဦးဘုန္နယ်သန်းအောင်တို့ဖြစ်သည်။ ၎င်းတို့ ၄ ဦးကို မယက ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်၏အမိန့်နှင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယခု သိန္နီရဲစခန်း၌ချုပ်နှောင်ထားကြောင်း တရုတ်–မြန်မာနယ်စပ်ကိုရောက်ရှိလာသည့် ဒေသခံတို့က ဒီဗွီဘီကို ပြောဆိုသည်။

ပြီးခဲ့သည့်လများအတွင်းကလည်း ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းက လယ်သမားအချို့အလားတူဖမ်းဆီးမှုမျိုး ခံခဲ့ရသည်။ ထိုလယ်သမားများကို မည်သို့အရေးယူထားသည် ဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ယခုလို ဖမ်းဆီးမှုများရှိနေသော်လည်း လယ်သမားများက ဆန်စပါးဈေးတိုးမြင့်အောင်လုပ်ဆောင်ပေးရန် နအဖ ဝန်ကြီးချုပ်ထံ စာရေးတောင်းဆိုထားသည်။ ထိုသို့ စာရေးတောင်းဆိုပြီးနောက်ပိုင်း ဆန်စပါးဈေး အနည်းငယ်ပြန်တက်လာသည်ဟုသိရသည်။ သို့သော်လည်း ကုန်ကျစရိတ်အတွက် မကာမိသေးသောကြောင့် အချို့လယ်သမားများမှာ လယ်ရောင်းရသည်အထိ အခြေအနေဆိုးရွားနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်မှ လယ်သမားတဦးက ယခုလိုပြောပြခဲ့သည်။

"စပါး ၁၀၀ ကို ၁ သိန်း ၁ သောင်း။ တတင်းကို ၁၁၀၀ ပေါ့။ အခု ပဲဈေးက ၈၂၀၀ ပေါ့။ ပဲဈေးက နည်းနည်းလူးနေတယ်။ ၈၅၀၀ လောက်ထိ တက်သွားတယ်။ ပဲထွက်က ဘယ်လောက်ထိ ကောင်းလဲဆိုရင် တနှစ်မှ မကြုံဖူးအောင် ဒီနှစ် တဧကကို ၂၂ တင်းရှိ သီးတဲ့လူရှိတယ်ဗျ။ ၁၀ တင်း အောက်တွေကတော့ နည်းပါတယ်။ အများအားဖြင့်တော့ ၁၅ တင်းနှုန်းလောက်တော့ သီးတယ်။ လယ်သမားတွေ ပဲလေးက အဆင်ပြေလိုက်တော့ မဆိုးဘူးပေါ့။ စပါးအနေအထားကတော့ ဒီဈေးနဲ့တော့ သိပ် မပြတ်သေးဘူး။ စားဝတ်နေရေး သိပ်မပြေလည်နိုင်သေးဘူး။ စပါးတသီးတည်း လုပ်တဲ့လယ်သမားအဖို့ကတော့ ကြပ်တာပေါ့ဗျာ။ပဲမရတာတို့၊ပဲအထွက်နည်းတာတို့ကြောင့် လယ်ကို စိတ်ညစ်ပြီးတော့ ရောင်းတဲ့လယ်သမားတွေရှိတယ်။ ဥပဒေအရတော့ လယ်ကိုရောင်းခွင့် မရှိဘူးလေ"

အစသို့

## နိုင်ငံရေးအကျဉ်းသား ပုဂံသန်းနိုင် မော်လမြိုင်ထောင်တွင်း၌ကျန်းမာရေးဆိုးရွားနေ

*၄၊ ဧပြီ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီ သတင်းထောက်၊ ထိုင်း)*

မော်လမြိုင်အကျဉ်းထောင်၌ လွတ်ရက်စေ့ပြီးမှ ထပ်မံဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားပုဂံသန်းနိုင်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း သိရသည်။

ပုဂံသန်းနိုင်သည် ဗမာပြည်ကွန်မြူနစ်ပါတီမြေအောက်လုပ်ငန်းအဖြစ် ရန်ကုန်အခြေစိုက် ဖွဲ့စည်းထားသည့် ၄၈၂၈ ဒေသပါတီကော်မတီ၌ လှုပ်ရှားခဲ့မှုဖြင့် ၁၉၈၉ ခုနှစ်ကတည်းက ဖမ်းဆီးခံခဲ့ရပြီး ထောင်သက် နှစ် ၂၀ မှ ၁၀ နှစ်သို့ လျှော့ချခံခဲ့ရ၍ ယခုဆိုလျှင် လွတ်ရက်ကျော်နေသော်လည်း ပုဒ်မ ၁၀ (က) ဖြင့် ဆက်လက် ဖမ်းဆီးထားခြင်းဖြစ်သည်။ ၎င်း၏ နောက်ဆုံးကျန်းမာရေးအခြေအနေကို အမှုတွဲတခုတည်းဖြင့် ဖမ်းဆီးခံခဲ့ရသူ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုနေဝင်းက ယခုလိုပြောပြသည်။

"ကိုသန်းနိုင်အခြေအနေက လူကလည်းတော်တော်ပိန်နေတယ်။ Pressure တွေ များလွန်းအားကြီးတဲ့အတွက် စိတ်လည်းပဲ ထိခိုက်နေတယ်ဗျ။ ဦးနှောက်မှာလည်း ထိခိုက်ထားတယ်။ ကျန်းမာရေးကလည်း ဒီလောက်မကောင်းဘူး။ ထောင်ဝင်ကာစတုန်းက ဝဝဖြိုးဖြိုး ထောင်ထောင်မောင်းမောင်း။ အခုတော့ ခန္ဓာကိုယ်က တော်တော်လေး သေးသေးကွေးကွေးနဲ့ ပိန်လှီသွားရှာတယ်။ ငုပ်ငုပ်ငိုင်ငိုင်နဲ့ ဒီတိုင်းဆိုရင် ကျန်းမာရေးက စိုးရိမ်စရာအနေအထားမျိုး ရှိပါတယ်"

ပုဂံသန်းနိုင် ထောင်ကျခဲ့သည့်အမှုနှင့် ပတ်သက်၍လည်း ကိုနေဝင်းက ...

"CPB က အောက်ဗမာပြည်ယူကျီ ၄၈၂၈ Wing တွေ အကုန်လုံးဖမ်းလိုက်တာ။ လူ ၈၀ လောက် ပါသွားတယ်။ ၈၉ ဇူလိုင် ၁၂ ရက်နေ့မှာ ကျနော်တို့ကို တပြိုင်နက်တည်းဖမ်းတယ်။ ကျနော်ရော၊ ကိုသန်းနိုင်တို့ရော၊ ဦးအောင်ခင်တို့၊ ဒေါက်တာဇော်မင်းတို့ပေါ့ဗျာ။ သူတို့ကို လူရွေးပြီးတော့ ရေကြည်အိုင်မှာ တလလောက် ထပ်နှိပ်စက်တဲ့အထဲမှာ ကိုသန်းနိုင်လည်း ပါတယ်ဗျ။ အဲဒီမှာ သူ တော်တော်ကြာကြာခံရတယ်။ အဲဒီရေကြည်အိုင်မှာ တလနေပြီးတော့မှ အင်းစိန်ထောင်ထဲ ပို့လိုက်တယ်။ ထောင်တွေပြောင်းကြရွှေ့ကြမယ်ဆိုတော့မှ ကိုသန်းနိုင်က တောင်ငူကိုရောက်တယ်။ နောက်မှ တောင်ငူကနေ ပြောင်းတာပေါ့ဗျ"

ပုဂံသန်းနိုင်မှာ လွတ်ရက်စေ့နေပြီဖြစ်သော်လည်း ဆက်လက်ဖမ်းဆီးထားသည်ကို ...

"အမှန်တကယ်တော့ လွတ်ရက်စေ့နေပြီဗျ။ ကျော်တောင်သွားပြီ။ ၁၀ နှစ်ပဲ ချတာကိုးဗျ။ ၉၄ ခု၊ ၁၀ လပိုင်းမှာ ပြည့်တယ်။ အခု ၂၀၀၄ ခုနှစ်တောင်ရောက်လာပြီ။ ၁၀ (က) နဲ့ ဆက်ချုပ်ထားတာ ခုထက်ထိပဲဗျာ။ လွတ်ပေးသင့်တဲ့အချိန်ဖြစ် နေပြီဗျာ။ ဒါပေမယ့် အခုထိ ဘာမှမကြားရသေးဘူးဗျ။ သူတို့မှာ မျှော်လင့်ချက် မရှိဘူး"

ယခုဆိုလျှင် ပုဒ်မ ၁၀ (က) ဖြင့် ဖမ်းဆီးခံနေရသူများထဲတွင် ပုဂံသန်းနိုင်အပါအဝင် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဇော်မင်း၊ ကိုဌေးကြွယ်၊ ကိုခင်မောင်ဦးတို့အပါအဝင် အများအပြားရှိနေသည်။ ဥပဒေအရ လွတ်ရက်စေ့နေသော်လည်း နအဖ က ၎င်းတို့ကို မည်သည့်အတွက်ကြောင့် လွှတ်မပေးခြင်းအား နိုင်ငံရေးအကျဉ်းသားဟောင်း ကိုနေဝင်းကို မေးမြန်းရာ၌ ယခုလိုဖြေကြားသွားခဲ့သည်။

"ထောင်သက်စေ့ပေမယ့်လည်း ထပ်ပြီးဖမ်းထားတဲ့သူတွေက နိုင်ငံရေးသမားတွေထဲမှာ အင်အားမနည်းပါဘူးဗျ။ တချို့ကျတော့ လက်မှတ်အထိုးခိုင်းတယ်ဗျ။ အပြင်ရောက်ရင် နိုင်ငံရေး ဆက်မလုပ်တော့ပါဘူးဆိုပြီး လက်မှတ်အထိုးခိုင်းတယ်ဗျ။ အဲဒီလိုလက်မှတ်မထိုးလို့ ဆက်ဖမ်းထားတဲ့လူလည်းရှိတယ်။ တချို့ကျတော့ အဲဒီလိုမဟုတ်ဘဲနဲ့ နိုင်ငံရေးခံယူချက် အယူအဆအရတင်းမာတယ်ပေါ့။ အထူးသဖြင့် ကွန်မြူနစ်ပါတီနဲ့ပတ်သက်တဲ့လူတွေပေါ့။ ဒီလူတွေကျတော့ လက်မှတ်မထိုးခိုင်းပဲနဲ့ ခေါင်းမာတယ်လို့ မြင်တဲ့လူတွေကျတော့လည်း ဒီအတိုင်းပဲ ၁၀ (က) နဲ့ ဆက်ထားတာရှိတယ်။ အစိုးရအနေနဲ့ကတော့ လွှတ်ပေးရင် သူ့အတွက်အန္တရာယ်ရှိတယ်ဆို တဲ့၊ ကြောက်လို့ပေါ့ ဒီလူတွေကို မတရားဖမ်းဆီးချုပ်နှောင်ထားတယ်လို့ ကျနော်နားလည်ပါတယ်" အစသို့

## အကျဉ်းကျခံ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့်ပတ်သက်၍ ညီဖြစ်သူ၏ ဇနီးအား နအဖ အာဏာပိုင်တို့ အမှုဆင်ဖမ်းဆီး

*၅ ၊ ဧပြီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီ သတင်းထောက်၊ထိုင်း)*

သရက်ထောင်၌ ပုဒ်မ ၁၀ (က) နှင့် ဖမ်းဆီးခံနေရသည့် ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ညီ ကိုအောင်အောင်ထွန်းနှင့်ဇနီးမသီတာတို့ပိုင် တောင်ဥက္ကလာပ နေအိမ်မှတွင်ဖွင့်ထားသည့် 'သီတာ' အာမခံ ရွှေဆိုင်ကို အာဏာပိုင်တို့က ဧပြီလ ၃ ရက်နေ့က ဝင်ရောက်ဖမ်းဆီးခဲ့သည်။ ယခုဖမ်းဆီးမှုမှာ လွန်ခဲ့သည့်သီတင်းပတ် ရွှေဆိုင်ပိုင်ရှင် ကိုအောင်အောင်ထွန်းကိုယ်တိုင် သရက်ထောင်သို့ ထောင်ဝင်စာသွားတွေ့ရာကအပြန် ပြည်ပသတင်းဌာနများနှင့် မေးမြန်းခန်းပြုလုပ်ခဲ့အပြီး ကိုကိုကြီးလွှတ်မြောက်ရေး မိသားစုက စစ်ခေါင်းဆောင်များထံ စာတင်ရန်ပြင်ဆင်နေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။ ယခုဖြစ်စဉ်နှင့်ပတ်သက်၍မူ ကိုအောင်အောင်ထွန်းက ယခုလိုပြောပြသည်။

"ဗိုလ်ကြီးစောရန်နိုင်၊ ထောက်ပို့က၊ မင်္ဂလာဒုံတပ်ကလို့ပြောတယ်။ သူ့ဆွဲကြိုးကို ကျနော့်ဆိုင်မှာရောင်းပါတယ်ဆိုပြီးတော့ လက်ညှိုးလာထိုးတယ်ဗျ။ သူထိုးသလို လာလည်းမရောင်းဘူး။ ဝယ်လည်းမဝယ်တဲ့အခါကျတော့ ကျနော်တို့က ငြင်းတာပေါ့။ ကျနော့်မိန်းမ ထောင်ချုပ်ကို ကျသွားတယ်"

အာမခံမပေးပဲ ဖမ်းဆီးထားသည်ကိုလည်း ...

"မိန်းမသားတယောက်က မိခင်နဲ့ကလေးစောင့်ရှောက်ရေး အမျိုးသမီးကာကွယ်ရေးဥပဒေအရလည်း အာမခံပေးမယ်ဆိုရင် ပေးနိုင်တဲ့အမှုဗျ။ ကျနော့်အမျိုးသမီးက ကလေးနှစ်ယောက်အမေပါ။ ကလေးတွေလည်း စိတ်ဆင်းရဲရ၊ သူလည်းပဲ တော်တော့်ကို စိတ်ဆင်းရဲတယ်။ မစားနိုင် မသောက်နိုင်ဖြစ်။ ကျနော်တို့ရဲ့အဆင့်အတန်း၊ ကျနော်တို့ရဲ့ပိုင်ဆိုင်မှုနဲ့ ရွှေလေးနှစ်ကျပ်သားကို ကျနော်တို့ကလိမ်ညာပြီးတော့ ယူဖို့ စဉ်းလည်း မစဉ်းစားဘူး။ စိတ်လည်း မကူးဘူး။ လုံးဝ မဟုတ်ဘူး"

ရွှေလိမ်ရောင်းသူတရားခံက ဖြောင့်ချက်ပေးခြင်း မဟုတ်ဘဲ အမှုဆင်ကြံစည်ခဲ့ကြောင်း ထင်ရှားနေသည်ကိုလည်း ယခုလိုပြောဆိုသည်။

"ကျောက်တံတားမြို့နယ် ဒု–ရဲအုပ်မိုးဦးက အမှုစွဲတင်တာကိုး။ တရားခံ မိုးရန်ဆိုတဲ့ အခြောက်ကလည်းပဲ ဖြောင့်ချက်ယူထားတာ တခုမှ မရှိဘူး။ တရားရုံးမှာ ဖြောင့်ချက်ယူထားတာ မရှိဘူး"

ကျောင်းသားခေါင်းဆောင် ကိုကိုကြီး လွှတ်မြောက်ရေးလှုပ်ရှားမှုကိစ္စဖြင့် ယခု အမှုဆင်ဖမ်းဆီးမှုကိစ္စ ပတ်သက်မှုရှိ မရှိ မေးမြန်းရာ၌ ...

"သေချာပေါက် ဘာမှ မပြောနိုင်ဘူးဗျ။ တိုက်ဆိုင်မှုလို့ပဲထင်ပါတယ်။ ကျနော့်အမျိုးသမီးက ဘုမသိ ဘမသိနဲ့ အစိမ်းသက်သက်ဆိုတော့ ကျနော်ကိုယ်တိုင်က ဝန်ခံရရင်တောင် ကျနော်က ခံနိုင်သေးတယ်ဗျ"

ကိုအောင်ထွန်းက ပတ်သက်မှု မရှိကြောင်း ပြောဆိုခဲ့သော်လည်း ရန်ကုန်မြို့သား နိုင်ငံရေးအကျဉ်းသားဟောင်း ကိုကောင်းမြတ်သူက နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်တို့ကို နအဖ က စီးပွားရေးအခွင့်အရေးမျိုးစုံ ကန့်သတ်ပိတ်ပင် နေကြောင်း ယခုလိုပြောပြသည်။

"ထောင်ထဲရောက်နေတဲ့သူ တယောက်ရဲ့သားသမီး (သို့) မိန်းမ (သို့) မိသားစုဟာ ဌာနဆိုင်ရာတခုခုမှာ အလုပ်လုပ်နေတယ်ဆိုရင် အဲဒီလူဟာသူရာထူးမတက်ဘူးဆိုတဲ့ကိစ္စဟာ သိသာတဲ့ကိစ္စမဟုတ်တော့ဘူး။ ဌာနကနေ အခြားနိုင်ငံတနိုင်ငံကိုပညာတော်သင်သွားဖို့တွေ အမြဲတမ်း သူ့ကို ကျော်ကျော်သွားတဲ့ကိစ္စဟာ အများကြီးရှိတယ်။ ထောင်ထဲရောက်နေတဲ့သူတယောက်ရဲ့မိသားစုဟာ အလုပ်လျှောက်လို့ မရဘူး။ အချို့ ကုမ္ပဏီတွေမှာလည်း နိုင်ငံရေးနဲ့ ပတ်သက်တဲ့သူတွေဆိုရင် ကျနော်ကိုယ်တိုင်ကို ကုမ္ပဏီတခုကို အလုပ် သွားလျှောက်ဖူးတယ်။ကျနော့်ကို အလုပ် မခန့်တော့ဘူး"

အစိုးရကိုဆန့်ကျင်နေသည့် အတိုက်အခံ များ၏ စီးပွားရေးလုပ်ငန်းကြီးများဆိုလျှင် ပိုမိုကန့် သတ်နေသည်ကိုလည်း ...

"အစိုးရကိုဆန့်ကျင်နေတဲ့သူတွေထဲကလည်း လုပ်ငန်းကြီးလုပ်နေတဲ့သူတွေ အများကြီးရှိတာပဲ။ အစိုးရကို ဆန့်ကျင်တဲ့လူတွေဟာ လိုအပ်တဲ့လိုင်စင်တွေ မကျဘူး။ အိမ်ဆောက်၊ တိုက်ဆောက်ရင် ပါမစ်က ကြာနေမယ်။ ကြာတော့ ပိုက်ဆံတွေ ရှုံးနေတာပေါ့။ အစိုးရဆန့်ကျင်တဲ့ ရှေ့နေတွေဆိုရင် သူတို့အမှုတွေက တရားသူကြီးက အရှုံးပေးချင်ပေးပစ်လိုက်တာမျိုး ရှိတယ်။ အခုဆိုရင် ကိုကိုကြီးရဲ့ညီ အမှုဖြစ်ပြီ။ အဲဒီမှာစစ်မယ့် တရားသူကြီးက စစ်ဗိုလ်ဆိုတော့အကုသိုလ်ပဲ။ အနည်းဆုံးဗျာ အာမခံမပေးပဲ ချုပ်ထားမယ်။ အဲလိုအဖြစ်အပျက်မျိုးတွေ ဖြစ်နေတာကတော့ အထောက်အထားပြဖို့ခက်တယ်"

လာမည့် ဧပြီလ ၈ ရက်နေ့တွင် ရွှေဆိုင်ပိုင်ရှင်မသီတာကို ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ အစသို့

## သေဒဏ်ချမှတ်ခံရသူ ၉ ဦး၏အယူခံလွှာကို ကြားနာ ဆုံးဖြတ်ချက် မချမှတ်သေး

*၆၊ မေ၊ ၂၀၀၄*

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (ILO) ကို သတင်းပေးမှုဖြင့် သေဒဏ်ချမှတ်ခံထားရသူ ၃ ဦးအပါအဝင် စုစုပေါင်း သေဒဏ်ချခံရသူ ၉ ဦး၏ အယူခံလွှာကို ယနေ့ ဗဟိုတရားရုံး၌ ကြားနာစစ်ဆေးခဲ့ကြောင်း သိရသည်။ ယနေ့ကြားနာပွဲတွင် တရားခံ ၉ ဦး၏ အကျိုးဆောင်ရှေ့နေကြီး နိုင်ငွေရက ၉ ဦးလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးသင့်ကြောင်း လျှောက်လဲခဲ့သည်ဟု သိရသည်။ တရားသူကြီးက အကျိုးဆောင်ရှေ့နေကြီးနိုင်ငွေရနှင့် အစိုးရရှေ့နေတို့၏ အပြန်အလှန်လျှောက်လဲချက်များကို ယနေ့ကြားနာခဲ့ပြီး ဆုံးဖြတ်ချက်ကို နောက် ၂ ပတ်မှ ချမှတ်မည်ဟုသိရသည်။

ILO ကို မမှန်သတင်းပေးသည်ဆိုသော စွပ်စွဲချက်ဖြင့် ဦးရွှေမန်း၊ နိုင်မင်းကြည်နှင့် ဦးအေးမြင့်တို့ ၃ ဦးကို ပြီးခဲ့သည့်နှစ် ဇူလိုင်လ ၁၆ ရက်နေ့က ဖမ်းဆီးခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်ခရိုင်တရားရုံးတခုက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နအဖ ခေါင်းဆောင်များကို လုပ်ကြံရန်ကြိုးစားသည်ဆိုသည့်စွပ်စွဲချက်ဖြင့် First Eleven အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေး အပါအဝင် အခြား ၆ ဦးကိုလည်း ၎င်းတို့ ၃ ဦးနှင့်အတူ နအဖက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်အပေါ် ILO က ကန့်ကွက်ခဲ့ပြီး ဥပဒေအကျိုးဆောင်ရှေ့နေများကလည်း အယူခံတင်ခဲ့သောကြောင့် ဗဟိုတရားရုံးက ယနေ့ ထပ်မံကြားနာခဲ့ခြင်းဖြစ်သည်။ အစသို့

## နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်း၏ ဇနီးနှင့် ဆက်သွယ်မေးမြန်းချက်

*၆၊ မေ၊ ၂၀၀၄*

လွှတ်ရက်ကျော်နေသော်လည်း သရက်ထောင်၌ မတရား ဆက်လက်ဖမ်းဆီးခံထားရသည့် ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင် ကိုဇော်မင်း၏ ကျန်းမာရေးအခြေအနေ၊ မိသားစုအခြေအနေတို့ကို သိရှိနိုင်ရန် ဇနီးဖြစ်သူ မမာမာဝင်းကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့သည်။

မမာမာဝင်း — သူက နဂိုတုန်းကတော့ကျန်းမာရေးတော်တော်ကောင်းတယ်။ အခု ၁၃ နှစ်နီးပါးရှိလာပြီဆိုတော့ မျက်စိမှုန်တာ၊ သွားမကောင်းတာ၊ ဆီးနဲ့ ပတ်သက်တာတွေ ဖြစ်လာတာပေါ့။

ကိုမိုးအေး — ဗကသ က ကိုကိုကြီး၊ မကသက ကိုဖြေးကြွယ်၊ ကိုဇော်မင်းတို့ အကုန်လုံးဟာ ပြန်လွှတ်ဖို့ အချိန်တန်နေပါပြီ။ အခု ဘယ်လောက်ချထားပြီး ဘယ်လိုမျိုးအပြစ်ဒဏ်တွေ တိုးတယ်ဆိုတာ။

မမာမာဝင်း — စ ချတုန်းက နှစ် ၂၀ ချတာရှင့်။ (လွှတ်ငြိမ်းသက်သာ) ၁၀ နှစ်ထဲမှာပါသွားတာပေါ့။ အဲတော့ ၉၉ စက်တင်ဘာမှာ ၁၀ နှစ် ပြည့်သွားပြီ။ ဒါပေမယ့် မလွှတ်ပဲ ပြည်ထဲရေးဝန်ကြီး ဌာနက ထပ်ပြီးတော့ ၁၀ (က) ပြောင်းပြီး ထပ်ချုပ်လိုက်တာပေါ့။ အဲလို ၁၀ (က) နဲ့ချုပ်တာ ရက်ပေါင်း ၆၀ ဆိုပြီး ၃ ခါ ချုပ်တယ်။ အဲဒီမှာ သူ့ကို ၆ လ ပိုနေတယ်။ အဲဒီနောက် ၇၊ ၃၊ ၂၀၀၀ ရက်ကနေ စပြီး ၆၊ ၃၊ ၂၀၀၁ မှာ တနှစ် တနှစ်စီ ပြန်ချတယ်။ သူက ၂၀၀၄ မှာ သူလွှတ်ကိုလွှတ်ရမယ်။ ပြီးခဲ့တဲ့လက သူက အရေးတကြီးမှာလို့သွားတွေ့တော့ နှစ်ထပ်ပြီး တိုးတယ်လို့ပြောပါတယ်။

ကိုမိုးအေး — တလောက ကြားလိုက်ရတာက ထောင်အာဏာပိုင်တွေ တရားမျှတမှု မရှိဘူး ဆိုပြီး ကန့်ကွက်စာတင်တာ။

မမာမာဝင်း — ဟုတ်ကဲ့။ ပြီးခဲ့တဲ့ မတ်လက ကျမ သွားတွေ့တော့ သူ အဲဒါတွေတင်မယ်၊ သူတို့ကို အခု တနှစ်ထပ်တိုးပြီးချတဲ့ကိစ္စကိုပေါ့။ အဲလိုတော့ ပြောပါတယ်။

ကိုမိုးအေး — အပြင်က မိသားစုအနေနဲ့ရော ဥပဒေကြောင်းအရ လိုက်ဖို့တို့၊ စာတင်ဖို့တို့ အစီအစဉ်တွေ မရှိဘူးလား။

မမာမာဝင်း — အဲလို နှစ်တိုးတဲ့ကိစ္စနဲ့ပတ်သက်ပြီး အစီအစဉ်ရှိပါတယ်။ ကျမတို့ကလည်း မျှော်လင့်တယ်လေ။ ဘာလို့လဲဆိုတော့ သမီးကလည်း အရွယ်ရောက်လာပြီ။ သူ့ကိုလည်း အပြင်မှာရှိစေချင်တာပေါ့။ မိသားစုမှာ ကျမ တယောက်တည်း ကလေးရော၊ စီးပွားရေး၊ လူမှုရေး အများကြီး ကြိုးစားရတဲ့အပိုင်းတွေမှာ ကျမတို့လည်းမျှော်လင့်တာပေါ့။ သမီးကလည်း မျှော်လင့်တယ်။ ငယ်ငယ်တုန်းက မသိပေမယ့် အခု ကြီးလာတဲ့အခါ ဒီနှစ်ဆို (၈)တန်းတက်ရမှာ။ ကိုယ်က မသိပေမယ့် ကလေးစိတ်ထဲမှာတော့ပြီးခဲ့တဲ့လတုန်းကတောင်မှ ဘယ်သူက ဘယ်လိုပြောလိုက်လဲ မသိဘူး။ ‘ဇော်မင်း လွှတ်လာပြီ’လို့ သူ့ကြီးတော်တွေက လာပြောတော့ ကလေးက ပျော်ပြီးဟိုဘက် လျှောက်ပြော၊ ဒီဘက် လျှောက်ပြောနဲ့ကျမပြန်လာတော့လည်း သူက အားရဝမ်းသာပြောတယ်။ ‘ဟဲ့ လွှတ်လာရင် လာမှာပေါ့’လို့။ မလွှတ်သေးလို့ပေါ့လို့။ အဲဒီအခါမှာ ကလေးရဲ့မျှော်လင့်ချက်ကို ရိုပ်မိလိုက်တာပေါ့။

ကိုမိုးအေး — မိသားစုအကြောင်း ပြောပြပေးပါလား။

မမာမာဝင်း — ကျမတို့ သားအမိ သားအဖ ၃ ယောက်ပေါ့။ ကိုဇော်မင်း ဝင်သွားတဲ့အချိန်မှာ သမီးလေးက ၆ လပဲ ရှိသေးတာပေါ့။ ခုဆို ၁၃ နှစ်ပြည့်တော့မှာ။ ငယ်ငယ်လေးကတည်း ကလေးမှာဖခင်ရဲ့ကြင်နာယုယမှုအောက်မှာ မနေရတော့ ဖခင်မေတ္တာ သူ့မှာ မရှိရှာဘူး။ သိတတ်စကတည်းက အမျိုးသားတွေကို အမြဲတမ်း ကပ်ကပ်ပြီးနေတတ်တယ်။ ဖခင်မေတ္တာငတ်တဲ့သဘောမျိုးပေါ့။ ဦးလေးတွေဆို အရမ်းခင်တယ်။ ချစ်တယ်။ အမျိုးသားတွေဆို ပိုပြီးခင်တွယ်တဲ့အပိုင်းလေးတွေ၊ နောက်ပိုင်း ကြီးလာတော့ ကလေးက ခံစားမှုတွေရှိလာပြီ။ ဥပမာ ... ဗွီဒီယိုကြည့်တဲ့အခါ၊ အပြင်မှာလည်း သားအဖ ပြောဆိုနေကြပုံတွေ၊ ပျော်စရာကောင်းတဲ့ပုံစံမျိုးတွေဆိုသူက မျက်လုံးထဲမှာ မျက်ရည်တွေစီးပြီး ခံစားနေရရှာတယ်။ ကျမက သူ့ကို စိတ်ဓါတ်ကျတာမျိုး ဖြစ်မှာစိုးလို့ အမြဲတမ်း အားပေးတယ်။ အဖေနေရာမှာရော အမေနေရာမှာရော ကျမကလည်း အတတ်နိုင်ဆုံး ပြည့်စုံအောင်လုပ်ပေးတယ်။ အမေရဲ့စိတ်ဓါတ်ကိုသိနေတော့ အမေ့ရှေ့မှာ သူက မခံစားရတဲ့ပုံစံမျိုးနေတာပေါ့။ ဒါပေမယ့် ကျမ ခန့်မှန်းကြည့်ရတာကတော့ သမီးက သူ့မှာ အဖေနဲ့ပတ်သက်ပြီး Feeling ရှိတာတွေ့ရတယ်။ ကျမ စိတ် မကောင်းဘူး။ ဒီနှစ် သမီးက ၈ တန်းဆိုတော့ အရွယ်ရောက်လာပြီ။ အမိရော အဖရော အုပ်ပြီးကြီးတဲ့ကလေးနဲ့ မိခင်

တယောက်ထဲနဲ့ဆိုရင် ကွာခြားမှုတွေ အများကြီးရတာပေါ့။ ကျမကလည်း အခု သမီးအရွယ်ရောက်လာတဲ့အပိုင်းမှာ မျှော်လင့်တာပေါ့။ သမီးအဖေ ရောက်လာတဲ့အခါ (၁၃)နှစ်လုံးလုံး လုပင်ပန်း စိတ်ပင်ပန်းဖြစ်တဲ့ဟာလေးတွေ၊ သမီးအနေနဲ့လည်း ခွန်အားတခုအနေနဲ့ ဖြစ်စေချင်တာပေါ့။ အဲလို မျှော်လင့်မိတာပေါ့။

ကိုမိုးအေး — သမီးလေးအနေနဲ့ရော သူ့ဖခင်ဘာကြောင့်ထောင်ထဲရောက်နေရတယ်၊ ဘာကြောင့်မိသားစုနဲ့အဝေး ထောင်ထဲမှာ သွားနေရတယ်ဆိုတာရော နားလည်နေသလိုရှိလား။

မမာမာဝင်း — ဟိုးတုန်းက နှစ်တန်း သုံးတန်းလောက်က ကျမ သမီးကို တော်တော်လေး Train လုပ်ခဲ့ရပါသေးတယ်။ ကျောင်းမှာ မိဘတွေ ဘာအလုပ်အကိုင်လုပ်လဲဆိုတာမျိုး မေးတဲ့အခါကျရင် 'မေမေသမီးက ဖေကြီးအလုပ်အကိုင်ကို ဘာလုပ်တယ်လို့ပြောရမှာလဲ' တဲ့။ ငယ်ငယ်တုန်းကတော့ ကလေးက အသိ မကြွယ်သေးတော့ ကျမကလည်း 'အရောင်းအဝယ်လို့ပြောလိုက်ပေါ့သမီးရယ်' လို့ပြောရတယ်။ ဒါပေမယ့် ကျမမှာလေ အဲဒီ အချိန်ကတည်းက ကလေးကို အလိမ်ခိုင်းရသလိုဖြစ်နေတာပေါ့။ အဲဒါကြီးကိုလည်း ကျမစိတ်ထဲမှာ ဘဝင်မကျဘူး။ အဲဒါနဲ့ သူ့အဖေ့သူငယ်ချင်းတွေနဲ့တွေ့ပြီးတော့ ပြောပြ တိုင်ပင်တာပေါ့။ သူ့အဖေ့ သူငယ်ချင်းတွေကလည်း ကလေးကို အမြဲတမ်းအားပေးကြပါတယ်။ နွေးနွေးထွေးထွေးလည်းရှိကြပါတယ်။ သူ့အဖေ့သူငယ်ချင်းတယောက်ကပြောတယ် 'နင်ပြောလိုက် ဒီတခါကျရင် သမီးအဖေက အာဇာနည်လို့ပြောလိုက်' တဲ့။ သမီးကလည်း 'အာဇာနည်ဆိုတာ ဘာလဲ' လို့ ပြန် မေးတာပေါ့။ နောက်ပိုင်းကျတော့ သူ့ကို နားလည်အောင် ကျမ ပြောပြတဲ့အခါမှာ သူ့စိတ် နည်းနည်းမာလာတာပေါ့။

ကိုမိုးအေး ။။ သမီးလေးအနေနဲ့ အာဏာပိုင်တွေကို တောင်းဆိုဖို့ရော အစီအစဉ်ရှိပါသလား။

မမာမာဝင်း — ကျမမှာ ဆန္ဒရှိပါတယ်။ သမီးမှာလည်း ဆန္ဒရှိတယ်။ အဲလိုတင်ဖို့ စဉ်းစားနေပါတယ်။ ကျမတို့ခံစားချက်တွေရေးဖို့ကျတော့ လွယ်တယ်လေ။ သမီးရဲ့ ခံစားချက်လည်းလွယ်တယ်။လက်တွေ့ခံစား ထားတာကိုး။

ကိုမိုးအေး — ဒီနှစ်ထဲမှာ လွတ်ကို လွတ်ရမယ်လို့ မျှော်လင့်ထားတယ်ပေါ့။ ဆိုပါစို့ အခု အင်တာဗျူးလုပ်ပြီး ခံစားချက်တွေပြောပြလို့ အာဏာပိုင်တွေက အငြိုးနဲ့ ဆက်ဖမ်းထားမယ်ဆိုရင်ကောဘယ်လိုခံစားရမလဲ။

မမာမာဝင်း — ပြောမယ်ဆိုရင် လက်ခုပ်ထဲက ရေပဲ။ ဘယ်လိုမှ လုပ်လို့မရတာ။ ကျမတို့ရင်ထဲမှာရှိတဲ့ခံစားချက်ကို တင်ပြချင်တဲ့ဆန္ဒရှိတယ်။ တကယ်လည်း ခံစားနေရတယ်။ ကိုဇော်မင်းလည်း အပြစ်ဒဏ်ခံစားနေရသလို သူ့လိုပဲ ကျမတို့လည်း ၁၃ နှစ်အပြင်မှာ ရုန်းကန်နေခဲ့ရတာပေါ့။ ကျမပြောတဲ့အထဲမှ တခုမှ မဟုတ်တာ မမှန်တာ မပါတဲ့အတွက် ဒီကိစ္စကြောင့် ဆက်ပြီးတော့ သူတို့က ဆက်ထားမယ်ဆိုရင်လည်း ကျမတို့ ဘယ်လိုမှ မတတ်နိုင်ဘူး။ အစသို့

## သေဒဏ်ချမှတ်ခံရသူ ၉ ဦး၏ အကျိုးဆောင်ရှေ့နေကြီးနှင့်ဆက်သွယ်မေးမြန်းချက်

*၇ ၊ မေ ၊ ၂၀၀၄*

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (ILO) ကို သတင်းပေးသူ ၃ ဦးနှင့် First Eleven အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးအပါအဝင် သေဒဏ် ချမှတ်ခံထားရသူ ၉ ဦး၏ အယူခံလွှာကို ဗဟိုတရားရုံး၌ မနေ့က ကြားနာစစ်ဆေးခဲ့ကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး တရားခံ ၉ ဦး၏ အကျိုးဆောင်ရှေ့နေကြီး နိုင်ငွေရကို ဆက်သွယ်မေးမြန်းရာ၌ ၎င်းတို့ ၉ ဦးကို အုပ်စု ၃ စု ခွဲပြီးလျှောက်လဲခဲ့ကြောင်းပြောဆိုသည်။ ပထမဦးဆုံး နအဖဗိုလ်ချုပ်များကို လုပ်ကြံရန်ကြိုးစားတယ်ဆိုသည့်စွပ်စွဲချက်ဖြင့် ရန်ကုန်၊ ကျောက်မြောင်းရှိ ဦးမျိုးချစ်၏အခန်းမှ ဖမ်းဆီးခံခဲ့ရသူ ၅ ဦးအကြောင်းကို နိုင်ငွေရက ယခုလိုရှင်းပြသည်။

"နိုင်ယက္ခ၊ ဦးရွှေမန်း၊ ချစ်ထွေး၊ အောင်လွန်းနဲ့သန်းထွန်းတို့ ၅ ယောက်က ကျောက်မြောင်းမှာရှိတဲ့ ဦးမျိုးချစ်ရဲ့ အပေါ်ထပ်တိုက်ခန်းမှာ ထင်းရှူးသေတ္တာမှာထည့်တဲ့ ဗုံးတွေ တွေ့ရှိခဲ့တယ်ဆိုပြီးတော့သူတို့ကို သေဒဏ်ချမှတ်တာပေါ့။ ကျနော့်အနေနဲ့လျှောက်လဲချက်ပေးတာက ဒီပစ္စည်းတွေဟာ နိုင်ယက္ခရဲ့ပစ္စည်းတွေ မဟုတ်ပါဘူး။ ဒီ စစ်ကြောချက်တွေဟာ သက်သေခံဥပဒေပုဒ်မ (၂၆) အရ ဒါတွေဟာသက်သေခံမဝင်ပါဘူး။နောက်ပြီး ဒီ ပုဂ္ဂိုလ်တွေကလည်းနိုင်ငံတော်လုပ်ကြံဖို့ရည်ရွယ်ချက် မရှိပဲနဲ့ ဦးမျိုးချစ်ရဲ့အလုပ်အကိုင်ဖြစ်တဲ့ လျှပ်စစ်ပစ္စည်းအရောင်းကိုယ်စားလှယ်တွေ ရရှိဖို့အတွက် ဦးမျိုးချစ် ခေါ်ရာကိုလိုက်ခဲ့တယ်။ ဒါကြောင့်မို့ သူတို့မှာ ဒီပြစ်မှုကို ကျူးလွန်ခြင်း မရှိဘူးဆိုပြီး ကျနော် လျှောက်လဲချက်ပေးပါတယ်"

၎င်းတို့ထဲမှ အဓိကတာဝန်ရှိသူဖြစ်သည့် အိမ်ရှင် ဦးမျိုးချစ်ကိုမူ စွဲချက်တင်ခြင်း မရှိသည့်အပြင် ပဲခူးမြို့က ကိုသန်းထွန်းကိုလည်း အစိုးရသက်သေအဖြစ် ပြန်လွှတ်ပေးခဲ့ပြီးနောက် နိုင်ယက္ခ၊ ကိုချစ်ထွေးနှင့် ကိုအောင်လွန်းတို့ ၃ ဦးကိုသာ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း နိုင်ငွေရက ပြောဆိုသည်။ ထို့နောက် ၎င်းတို့နှင့်ဆက်နွှယ်ပြီး ပုဂံမြို့၌ ထပ်မံ ဖမ်းဆီးခံခဲ့သည့် ဖြူလေးနှင့် ဇော်ဇော်တို့၏အမှုနှင့် ပတ်သက်ပြီး နိုင်ငွေရက ယခုလိုပြောဆိုသည်။

"နောက်တခါ ဇော်ဇော်နဲ့ ဖြူလေး။ သူတို့က ပုဂံရှေးဟောင်းပြတိုက်မှာ ၅ လပိုင်း ၂၀ ရက်နေ့ ဗုံးဖောက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သူတို့ကို စွပ်စွဲတယ်။ ဇော်ဇော်ဆိုရင် ဖြူလေးကို သိရုံမျှနဲ့ ပုဂံမှာ သွားတည်းရုံမျှနဲ့ သေဒဏ်ချမှတ်တာဟာ မှားယွင်းပါတယ်။ ဖြူလေးကလည်း သူ့ဆီမှာတွေ့တဲ့ ယမ်းပြားဟာလည်း ရဲသီဟထားတဲ့ကိစ္စကို သူလည်း မသိပါဘူး။ ပေါက်ကွဲစေတဲ့ပစ္စည်းဆိုတာ သူမသိတဲ့အတွက် သူလက်ခံထားမိတာ။ သူ့မှာလည်း အပြစ် မရှိပါဘူးဆိုပြီး၊ သူတို့အားလုံးကို သေဒဏ်မပေးသင့်ပါဘူး၊ တရားသေလွှတ်ပေးသင့်ပါတယ်လျှောက်လဲချက်ပေးတယ်"

နောက်ဆုံး ILO ကို သတင်းပေးသူ ၃ ဦးနှင့် First Eleven အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးတို့ကို ပြန်လွှတ်ပေးသင်ကြောင်း လျှောက်လဲခဲ့ပုံကိုလည်း ရှေ့နေကြီး နိုင်ငွေရက ယခုလိုရှင်းပြခဲ့သည်။

"ရွှေမန်း၊ နိုင်မင်းကြည်၊ ဦးအေးမြင့်တို့ဟာ ILO ကို သတင်းပေးတယ်ဆိုပြီးတော့ အဲဒီအုပ်စုကိုကျနော်က လျှောက်လဲချက်ပေးတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းဟာ ကမ္ဘာ့တရားဝင် အဖွဲ့အစည်းဖြစ်တဲ့အတွက် သူတို့ကို သတင်းပေးတာ အပြစ် မရှိပါဘူး။ ဌာနေကိုယ်စားလှယ်၊ ဆက်သွယ်ရေးအရာရှိကို တွေ့ရှိရုံနဲ့ အပြစ်ပေးတာဟာ မှားယွင်းပါတယ်။ ဇော်သက်ထွေးက လွှမ်းဏီ (ခေါ်) ကျော်ကျော်ကနေ ဖုန်း သုံး လေးခါ ဆက်တယ်။ ဆက်တဲ့အခါ နိုင်ငံရေးကိစ္စ မပါဘူး။ သူ့ဦးလေးအတွက် ဆက်တယ်။ နောက်တခါ ဦးမျိုးချစ်က ကျော်ကျော့်ဆီကနေ ဗွီဒီယိုခွေကို လူကြုံနဲ့ပါးလို့ရပါတယ်ဆိုပြီး စာတစောင်ပါလာတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးဧတ္တသေဒဏ်ချတာ။ ဒါလည်းမှားယွင်းတယ်ဆိုတာ ကျနော်က လျှောက်လဲချက်ပေးပါတယ်"

ကိုဇော်သက်ထွေး၏ အမှုနှင့်ပတ်သက်ပြီးမနေ့က တရားရုံးသို့ သွားရောက်ခဲ့သည့် ဇနီး မမေဇော်ကို ဆက်သွယ်မေးမြန်းခဲ့ရာ စာပေသမားဖြစ်သည့် ခင်ပွန်းဖြစ်သူ မည်သည့်အတွက်ကြောင့် ယခုလို ကြီးလေးသောပြစ်ဒဏ် ချမှတ်ခံရသည်ကို ယခုချိန်ထိ အတိအကျမသိရကြောင်း သူမက ပြောဆိုသည်။

"ကျမကလည်း အဲဒါနဲ့ပတ်သက်ပြီးတော့မသိဘူး။ ထင်မြင်ချက် မပေးတတ်ဘူး။ သူကလည်းသူ့အလုပ်နဲ့သူ၊ ကျမကလည်း မဂ္ဂဇင်းမှာပဲ အယ်ဒီတာတယောက်ဆိုတော့ သူ့အလုပ်ကဏ္ဍလည်းသိပ် မသိဘူး။ အခု ဖြစ်သွားတော့မှသာ ကျမစိတ်ထဲမှာ အံ့ဩသွားတာပေါ့။ ဘယ်လိုကြောင့်ဖြစ်ပါ လိမ့်ဆိုပြီး ...၊ မနေ့ကလည်း သွားနားထောင်ထားတယ်ဆိုတော့ ပြည်ပမှာရှိတဲ့လူက၊ သူအရင်တုန်းက သိခဲ့တဲ့လူလား ဘာလားမသိဘူး၊ အဲဒီလူက သူ့ ဆီကို ဖုန်းဆက်တယ်။ အဲဒါကို ဖုန်းလက်ခံပြီးပြောမိတယ်ပေါ့။ အဲဒါလောက်ပဲ ကျမ သိရတယ်ရှင့်။ ကျန်တာကတော့ သိပ် စိတ်မကောင်းဖြစ်ရလွန်းလို့ ဘာမှ မသိတော့ဘူး"

ကိုဇော်သက်ထွေး ပြန်လွတ်လာမည် ထင်ပါသလားဆိုသောမေးခွန်းကိုမူ မမေဇော်က ယခုလိုပြန်လည်ဖြေကြားခဲ့သည်။

"အကောင်းဆုံးတော့ မျှော်လင့်တာပေါ့။ ဖြစ်ဖြစ်ချင်းကတော့ စိတ်ထဲမှာ မခံရပ်နိုင်ဘူးပေါ့။ ဘယ်သူ့ကိုသွားရှင်းပြရမလဲ မသိ။ ကျမကလည်း သူနဲ့ဆို အသက်အရမ်းကွာတယ်လေ။ သူတို့ဟာတွေ သိပ်နားမလည်ဘူး။ ကျမစိတ်ထဲမှာ ဘယ်သူ့ကိုပဲ သွားရှင်းပြရမလဲဆိုပြီး ...　အစသို့

## ကျောင်းသားခေါင်းဆောင်ကိုသက်ဝင်းအောင် ကျန်းမာရေးအခြေအနေဆိုးရွားနေ ဆေးဝါးကုသရန် ချက်ချင်းလွှတ်ပေးသင့်ကြောင်း ညီဖြစ်သူက ပြောဆို

*၉ ၊ မေ ၊ ၂၀၀၄*

ကျောင်းသားလှုပ်ရှားမှုများကို ဦးဆောင်မှုဖြင့်မန္တလေးအကျဉ်းထောင်၌ ထောင်ဒဏ် နှစ် ၆၀ ကျခံနေရသူ ကိုသက်ဝင်းအောင်၏ ကျန်းမာရေးအခြေအနေ တဖြည်းဖြည်း ဆိုးရွားလာနေကြောင်း သိရသည်။ ငှက်ဖျားရောဂါမှတဆင့်ရရှိသည့် စိတ်ဝေဒနာကို ခံစားနေရပြီး ဆေးဝါးကုသမှု အမြန်ဆုံးပြုလုပ်ရန် လိုအပ်နေသည့်အတွက် ချက်ချင်းလွှတ်ပေးစေချင်ကြောင်း မနေ့က ထောင်ဝင်စာသွားတွေ့ခဲ့သူကိုသက်ဝင်းအောင်၏ညီ ကိုပြုံးချိုက ဒီဗွီဘီကို ပြောကြားခဲ့သည်။ မနေ့က ထောင်ဝင်စာတွေ့ဆုံစဉ်မြင်ခဲ့ရသည့် ကိုသက်ဝင်းအောင်၏ အခြေအနေနှင့်ပတ်သက်၍ ကိုပြုံးချို က ယခုလို ပြောဆိုသည်။

"ခုလောလောဆယ်တော့ အားဆေးတွေ ဘာတွေ ပုံမှန်သောက်ဖို့ ပြောထားတယ်။ သူက သိပ်ပြီးတော့ မေးလို့ကောင်းကောင်း မရဘူးဖြစ်နေတယ်။ ရုတ်တရက် တယောက်ယောက်နဲ့တွေ့တဲ့အခါ လန်းလန်းဆန်းဆန်းနဲ့ နှုတ်ဆက်တာပြုတာ သာမန်လူတောင် ရှိတာပဲ။ အခုက ရုတ်တရက် အခန်းထဲမှာ တွေ့တာတောင်မှ သူ့အနေနဲ့ အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းပုံစံမျိုး မပြဘူး။ သူ့အကြည့်က တခုခုကို စိုးရိမ်နေတဲ့ပုံစံမျိုး ဖြစ်နေတာပေါ့။ မျက်နှာကို အောက်ငုံ့ထားပြီးတော့ လှန်ကြည့်တဲ့ပုံစံမျိုးသဘာဝ မကျဘူး။ ပုံမှန် မဟုတ်သေးဘူးလေ။ လိုအပ်တဲ့ပစ္စည်းအမှာခိုင်းတာတို့၊ အစားအသောက်ကျန်းမာရေးနဲ့ပတ်သက်ပြီးမေးတာတို့ သူပြန်ဖြေတာ မရှိသေးဘူး။ ဘာလိုလဲဆိုလည်း သူ့ဆီက ဘာမှ တုန့်ပြန်မှုမကောင်းဘူး"

၁၉၉၈ ခုနှစ်၌ ဖမ်းဆီးခံခဲ့ရသည့် ကိုသက်ဝင်းအောင်သည် အမြဲတမ်းလိုလို တိုက်ပိတ်ခံနေရမှုကြောင့် စိတ်ဝေဒနာဖြစ်သွားပုံရကြောင်းလည်း ကိုပြုံးချို က ယခုလို ဆက်ပြောပြခဲ့သည်။

"ကျနော်တို့က အဲဒါကို သံသယဖြစ်နေတာ။ ကျနော်တို့က တလမှာ ၂ ခေါက်ပဲတွေ့ရတာ။ နာရီဝက်၊ မိနစ် ၄၀ လောက်ပဲတွေ့ရတော့ သူ့အနေအထားကို ယတိပြတ်ပြောဖို့ ခက်နေတာပေါ့။ တဖက်ကကြားရတာကျတော့ အထူးကုနဲ့ ပုံမှန်ပြနေသေးတယ်ဆိုတာကြားရတော့ ရောဂါက လုံးဝကြီး ကင်းကင်းစင်စင်ပျောက်တဲ့ပုံစံ မရှိဘူး။ စိတ်ရောဂါရော အတူတူပါ။ ဂရုတစိုက် စောင့်ကြည့်ပြီးကုရမယ့်ရောဂါမျိုးလည်း ပါနေတော့ အပြင်ပြန်ရောက်တဲ့အခါ ကျရင် ကုရတာ ပိုကောင်းတာပေါ့။ အနီးကပ် ဘာဖြစ်တယ် ဘာဖြစ်တယ်ဆိုတာ မှတ်တမ်းတင်ပြီးတော့ သက်ဆိုင်ရာ ဆရာဝန်တွေနဲ့ရော လိုအပ်တဲ့ဟာတွေနဲ့ ဂရုတစိုက်ကုရရင် ပိုကောင်းမယ်လို့ ကျနော်တို့ ယူဆတယ်"

မေလ ၁၇ ရက်နေ့မှာကျင်းပမည့်အမျိုးသားညီလာခံမတိုင်မီ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးလိမ့်မယ်ဆိုတဲ့ ထင်မြင်ချက်တွေနဲ့ပတ်သက်ပြီး မေးသည့်အခါတွင် ကိုပြုံးချို က ယခုလို ဖြေကြားသွားခဲ့သည်။

"အတိအကျတော့ ဘာမှ မရသေးဘူး။ ကျနော်တို့ဘက်ကတော့ အများကြီး ဖြစ်စေချင်တာပေါ့။ အကုန်လုံးကို အပြင်ပြန်ရောက်စေချင်တာပေါ့။ မျှော်လင့်ချက်ကတော့ နေ့စဉ်လိုလိုပဲ သူတို့တွေ အပြင်ပြန်ရောက်ဖို့ မျှော်လင့်နေရတာ။ တဖက်ကလည်း တာဝန်ရှိတဲ့သူတွေအနေနဲ့ ဒီကိစ္စကို အလေးထားပြီးတော့ ပြောင်းလဲရေးဖြစ်စဉ်ထဲမှာ ထည့်ပြီး စဉ်းစားမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့"

နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များ၏ ထုတ်ပြန်ချက်အရ ကိုသက်ဝင်းအောင်နှင့်အတူ နိုင်ငံရေးအကျဉ်းသား ၁,၃၀၀ ကျော် ဖမ်းဆီးခံနေရဆဲဖြစ်ပြီး ၎င်းတို့အားလုံးကို ညီလာခံမတိုင်မီ လွှတ်ပေးသင့်သည်ဟု တောင်းဆိုထားကြောင်း သိရသည်။　အစသို့

## နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့်ဓာတ်ပုံဆရာ ကိုဆန်နီ ခန္တီးထောင်မှ လွတ်မြောက်

*၁၂၊ မေ၊ ၂၀၀၄*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အင်တာဗျူးဗွီဒီယိုခွေ ရိုက်ကူးဖြန့်ချိမှုနှင့် မတရားဖမ်းဆီး၍ နှစ်ရှည်ထောင်ကျခံနေရသည့် ဓာတ်ပုံဆရာ ဆန်နီ (ခေါ်) ကိုခင်မောင်ဝင်း ပြီးခဲ့သည့် သောကြာနေ့ ယခုလ ၉ ရက်နေ့က ခန္တီးထောင်မှ ပြန်လွတ်လာကြောင်း သိရှိရသည်။

ကိုဆန်နီနှင့်အတူ ဗွီဒီယိုအခွေ ရိုက်ကူးဖြန့်ချိခဲ့သူ ၄ ဦးကို နအဖ က ၁၉၉၇ ခုနှစ် ဇွန်လထဲတွင်ဖမ်းဆီးခဲ့ပြီး ထောင်နှစ်ရှည်ချမှတ်ခဲ့သည်။ ဗွီဒီယိုခွေ ဦးဆောင်ရိုက်ကူးခဲ့သူ ဦးစိန်အုန်းကို ထောင် ၁၀ နှစ်ချမှတ်ခဲ့ပြီး ကိုဆန်နီကို ထောင် ၇ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ပုံမှန်လွတ်ရက်စေ့၍ ပြန်လွတ်ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ကိုဆန်နီသည် ၂၀၀၂ ခုနှစ်အတွင်းက ကလေးမြို့ထောင်ထွင်း အစာတော်ခံဆန္ဒပြမှုတခုတွင် အဖွဲ့ချုပ်ပြည်သူ့ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းနှင့်အတူ ဦးဆောင်ခဲ့သူတဦးလည်း ဖြစ်သည်။ ထိုဆန္ဒပြမှုနှင့်ပင် ၎င်းကို ကလေးမှ ခန္တီးထောင်သို့ ပြောင်းရွှေ့ခဲ့သည်။

ခန္တီးထောင်မှ သောကြာနေ့က ပြန်လည်လွတ်မြောက်လာခြင်းဖြစ်ပြီး ရန်ကုန်မြို့နေအိမ်ကိုယခုလ ၁၀ ရက် စနေနေ့က ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။ မိသားစုများနှင့် နီးစပ်သူတို့ပြောဆိုချက်အရ ကိုဆန်နီ၏ ရုပ်ပိုင်း စိတ်ပိုင်းအခြေအနေ အထူးကောင်းမွန်နေကြောင်းလည်း စုံစမ်းသိရှိရသည်။

## နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခံနေရသည့် ဦးအောင်ရွှေနှင့် ဦးလွင် ပြန်လည်လွတ်မြောက်

*၁၃၊ မေ၊ ၂၀၀၄*

အကျယ်ချုပ်ထိန်းသိမ်းခံနေရသည့် အဖွဲ့ချုပ်ခေါင်းဆောင် ၄ ဦးထဲမှ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူးဦးလွင်တို့ကို ယနေ့နံနက် ၈ နာရီတွင် အာဏာပိုင်တို့က ပြန်လွှတ်ပေးလိုက်ကြောင်း သိရှိရသည်။ သို့သော်လည်း ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကိုမူ ဖမ်းဆီးထားဆဲဖြစ်ကြောင်းသိရသည်။

ပြန်လည် လွတ်မြောက်လာသည့် ဦးအောင်ရွှေနှင့် ဦးလွင်တို့ကို တိုက်ရိုက်ဆက်သွယ်မေးမြန်းရန်ဒီဗွီဘီက ကြိုးစားခဲ့သော်လည်း တယ်လီဖုန်းလိုင်းများ ဖြတ်တောက်ထား၍ မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ယနေ့ညနေပိုင်း၌ ဦးလွင်နှင့် တွေ့ဆုံခွင့်ရရှိခဲ့သူ ကောလင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇံကို ဆက်သွယ်မေးမြန်းခဲ့ရာ ဦးလွင်၏ ကျန်းမာရေး ကောင်းမွန်နေကြောင်း ၎င်းက ယခုလိုရှင်းပြသည်။

ဦးသိန်းဇံ — ဦးအောင်ရွှေနဲ့ မတွေ့ခဲ့ရဘူး။ ဦးလွင်နဲ့ပဲတွေ့ခဲ့ရတယ်။ ကျန်းမာတယ်။ ဘာမှတော့ ထွေထွေထူးထူး မရှိပါဘူး။ ကျန်းမာသလားဘာလား သွားမေးတာပဲ။ ဒီပြင်ဘာမှတော့ မပြောပါဘူး။ ကောင်းပါတယ်။ အရင်အတိုင်းပါပဲ။

ကိုထက်အောင်ကျော် — ဦးအောင်ရွှေ အိမ်ကတော့ သွားလို့ မရလို့လားခင်ဗျ။

ဦးသိန်းဇံ — ဦးအောင်ရွှေက ဥပုသ်ဝင်နေတယ်။ အဲဒါကြောင့်။ သွားလို့တော့ရတယ်။ ဥပုသ်စောင့်နေလို့ မတွေ့ရဘူး။

ကိုထက်အောင်ကျော် — မနက် ၈ နာရီကတည်းက အကြောင်းကြားတယ်ပြောတယ်။ အန်ကယ်တို့ ဘယ်လိုသိပြီးတော့ ဘယ်လိုသွားတွေ့တာလဲခင်ဗျ။

ဦးသိန်းဇံ — လွှတ်တဲ့အကြောင်း အသိတယောက်က ဖုန်းဆက်တယ်။ အဲဒါကြောင့် သွားတွေ့လိုက်တာ။ ညနေပိုင်းမှ ဦးစိုးမြင့်နဲ့ကျနော် သွားတွေ့တာပါ။

ကိုထက်အောင်ကျော် — ၄ ယောက်မှာအခု ၂ ယောက်လွတ်လာတော့ ပါတီဝင်တယောက်အနေနဲ့ ဘယ်လို ခံစားမိလဲခင်ဗျာ။

ဦးသိန်းဇံ — လူကြီးတွေ လွတ်လာတယ်ဆိုတော့ အားတက်စရာပါ။

ထိုသတင်းနှင့်ပတ်သက်ပြီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တဦးဖြစ်သူ ဦးသန်းထွန်းကိုလည်း ဆက်သွယ်မေးမြန်းခဲ့သည်။

ဦးသန်းထွန်း — သိတော့သိရတယ်။ မသွားနိုင်သေးလို့ မတွေ့ရသေးဘူး။ သကြိမ်ကျနေတာလေ။

ကိုထက်အောင်ကျော် — သိရတယ်ဆိုတာက အစိုးရကနေ တရားဝင်ပြောတာလား။

ဦးသန်းထွန်း — မဟုတ်ဘူး။ အမှုဆောင်တယောက်ကို ဗိုလ်ချုပ်အောင်ရွှေက အကြောင်းကြား ခိုင်းလိုက်တယ်။ ဦးစိုးမြင့်ဆီကိုလေ။ သူလွှတ်လာပြီဆိုတဲ့အကြောင်း။ အဲလိုသိရတယ်။ ကနေ့မနက် ၈ နာရီကပါ။

ကိုထက်အောင်ကျော် — ကျနော်တို့ ဖုန်းခေါ်တာ မရလို့။ အန်ကယ်တို့ရော ရန်ကုန်မှာအချင်းချင်း ဖုန်းခေါ်လို့ရပြီလား။

ဦးသန်းထွန်း — မရဘူးခင်ဗျ။ သူတို့ဖုန်းတွေက ပိတ်ထားတုန်းပဲ။

ကိုထက်အောင်ကျော် — ဦးအောင်ရွှေနဲ့ဦးလွင်ကို လွှတ်ပြီးတော့ ကျန်တဲ့ ဦးတင်ဦးနဲ့ဒေါ်အောင်ဆန်းစုကြည်ကိုရော ဘယ်လိုကြားရပါသလဲခင်ဗျ။

ဦးသန်းထွန်း — ဘာမှမကြားသေးဘူး ခင်ဗျ။

ကိုထက်အောင်ကျော် — အခုလို ဦးအောင်ရွှေနဲ့ ဦးလွင်တို့လွတ်လာတာ ကျေနပ်လား။ ဘယ်လိုပြောစရာရှိမလဲ။

ဦးသန်းထွန်း — လွှတ်တာကတော့ ကောင်းတာပေါ့။ ဝမ်းသာစရာပဲလေ။ ဒါပေမယ့် သူတို့လွှတ်တာကတော့ အမျိုးသားညီလာခံကိစ္စ ရှိတယ် ထင်တယ်။ အမျိုးသားညီလာခံတက်ခဲ့တဲ့ NLD ကိုယ်စားလှယ်တွေကို ဖိတ်ကြားထားတာကိုး။ အဲတော့ သူတို့ကိုလည်း အမျိုးသားညီလာခံတက်ဖို့ ဖိတ်ကြားတဲ့အထဲ ပါနေတယ်ဆိုတော့ အမျိုးသားညီလာခံတက်ဖို့ သူတို့နှစ်ယောက်ကို လွှတ်ပေးတဲ့သဘောမျိုးလို့ ယူဆနိုင်တာပေါ့။

ကိုထက်အောင်ကျော် — ဒီပဲယင်းကိစ္စမှာရော သူတို့နှစ်ယောက်က အဓိကဆိုတော့ ဘယ်လိုမျိုးမျှော်လင့်ထားပါသလဲ။

ဦးသန်းထွန်း — ဦးအောင်ရွှေနဲ့ဦးလွင်နဲ့လွှတ်လာပေမယ့် ဒေါ်အောင်ဆန်းစုကြည်ရော၊ ဦးတင်ဦးရော ၉ ယောက်စလုံးဆုံတဲ့ CEC အစည်း အဝေးကနေပြီးတော့မှ အမျိုးသားညီလာခံကိစ္စ၊ Road Map ကိစ္စ၊ အစစအရာရာ ဆွေးနွေးညှိနှိုင်းပြီးမှ သဘောထားပြောမယ်ဆိုပြီး ဆုံးဖြတ်ထားတာပါ။

ကိုထက်အောင်ကျော် — အခု ဦးအောင်ရွှေကို လွှတ်ပေးလိုက်တော့ အရင်တခါ ညီလာခံတုန်းကလည်း ဒေါ်စုနဲ့ဦးတင်ဦးကို ဖမ်းထားတယ်ပေါ့။ ဦးအောင်ရွှေပဲ ဦးစီးပြီး ညီလာခံတက်သွားရတဲ့ Pressure လည်း ရှိခဲ့တာကိုး။ အခုရော အစိုးရက လုပ်လိုက်တာ အဲလိုပုံစံမျိုးဖြစ်နေတော့ အန်ကယ်တို့က ဘယ်လိုယူဆထားလဲခင်ဗျ။

ဦးသန်းထွန်း — သူတို့ကလည်း ညီလာခံတက်ခဲ့တဲ့ကိုယ်စားလှယ်တွေကို ဖိတ်တယ်ဆိုတော့ အဲဒီအတိုင်းဖြစ်နေတာပေါ့။ ဒါပေမယ့်လည်း သေသေ ချာချာ အခြေအနေကိုသုံးသပ်ပြီးမှ လုပ်သင့်လုပ်ထိုက်တာလုပ်ဖို့ ကျနော်တို့ဘက်က တာဝန်ပဲလေ။ ကျနော်တို့ စဉ်းစားဆွေးနွေးပြီးမှလုပ်မှာပါ။ နှစ်ဆန်းတရက်နေ့မှာ စေ့စေ့စုံစုံဆွေးဆုံပြီးတော့ဆောင်ရွက်ကြမှာပါ။ အစသို့

## အမှုဆင်ဖမ်းဆီးခံရသူ မသီတာပြန်လည်လွှတ်မြောက်

*၁၃ ၊ မေ ၊ ၂၀၀၄*

သရက်ထောင်၌ နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ၈၈ ကသ ဒု–ဥက္ကဋ္ဌ ကိုကိုကြီးနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံခဲ့ရသည့် မသီတာကို အာဏာပိုင်တို့က ယခုလ ၈ ရက်နေ့တွင် ပြန်လွှတ်ပေးလိုက်ပြီဟု သိရသည်။

ကိုကိုကြီး၏ညီ အောင်အောင်ထွန်း၏ ဇနီးသည် မသီတာကို ခိုးရာပါရွှေလက်ခံသည်ဆိုပြီး ယခုလ ၃ ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ မင်္ဂလာဒုံ ထောက်ပို့တပ်က ဗိုလ်ကြီးဇော်ရန်နိုင်၏ တိုင်ကြားချက်အရ ယခုလိုဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၈ ရက်နေ့ ရုံးထုတ်သည့်အချိန်၌ ဇော်ရန်နိုင်ဘက်က အမှုပိတ်လိုက် သည့်အတွက် ယခုလို ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ကိုအောင်အောင်ထွန်းက ဒီဗွီဘီကိုပြောကြားသွားခဲ့သည်။ အစသို့

## ခွန်းထောင်မှ ပြန်လည်လွှတ်မြောက်လာသူ ဓာတ်ပုံ ကိုဆန်နီနှင့် ဆက်သွယ်မေးမြန်းချက်

*၁၃ ၊ မေ ၊ ၂၀၀၄*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အင်တာဗျူးဗွီဒီယိုအခွေ ရိုက်ကူးဖြန့်ချိမှုနှင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခံခဲ့ရသူ ဓာတ်ပုံဆန်နီ ပြီးခဲ့ သည့်သောကြာနေ့က ခွန်းထောင်မှ ပြန်လွှတ်လာခဲ့သည်။ ယနေ့ ကိုဆန်နီနှင့် ဆက်သွယ်မေးမြန်းခွင့်ရရှိထား၍ ၎င်း၏ရင်ဖွင့်ပြောကြားချက်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။

ကိုဆန်နီ — ၉ ရက်နေ့က ကျနော်လွှတ်တယ်။ ခွန်းထောင်က ကျနော်တယောက်ထဲပါ။ ကျနော်နဲ့အမှုတွဲက အားလုံး ၇ ယောက်။ ကိုအောင်ဆန်း၊ ဦးမျိုးအောင်သန်း (ခုထိ မြစ်ကြီးနားထောင်မှာ ကျန်နေသေးတယ်) ၃၂ နှစ် ကျထားတာ၊ ဦးချိုအောင်သန်းတို့၊ ဒေါ်ငယ်မမသန်းတို့ကတော့ ဒေါ်အောင်ဆန်း စုကြည်ရဲ့ မောင်တွေ ညီမတွေ ဝမ်းကွဲတွေပေါ့။ သူတို့ကတော့ ကျန်းမာရေးနဲ့ အစောကြီးလွှတ်ပါတယ်။ အခုနောက်ဆုံးက ကိုအေးချိုနဲ့ ကျနော်က နောက်ဆုံး။

ကိုထက်အောင်ကျော် — ဘာကြောင့် ဖမ်းတယ်ဆိုတာ ပြန်ရှင်းပြပေးပါခင်ဗျ။

ကိုဆန်နီ — သူတို့စွဲချက်ကတော့ ကျနော်က ဒေါ်အောင်ဆန်းစုကြည်ကို ကရင်အမျိုးသမီး ဝတ်စုံနဲ့ ဗွီဒီယိုဓာတ်ပုံရိုက်ပေးလို့၊ အဲဒါကို Sattelite က လွှင့်လိုက်တယ်။ အဲဒါကို ကျနော့်စွဲချက်တင်တာပါ။ ကျနော် တရားရုံးမှာလည်း ပြောပါတယ်။ ကျနော်က ဓာတ်ပုံရိုက်၊ ဗွီဒီယိုရိုက်တဲ့လုပ်ငန်း လုပ်ပါတယ်။ ရုပ်ရှင်၊ ရုပ်သေဓာတ်ပုံတွေ ဘာတွေ ရိုက်ခဲ့ပါတယ်။ ၈၆ နောက်ထဲမှာ ကျနော်ရောက်တာပါ။ အပြင်မှာရုပ်သေဓာတ်ပုံ၊ အလှူမင်္ဂလာဆောင် အစုံပေါ့ ရိုက် တယ်။ တပ်မွေးနေ့တွေ ဘာတွေဆိုလည်း ကျနော်ရိုက်တယ်။ ထောက်လှမ်းရေးတပ်မွေးနေ့၊ နိုင်ငံတော်ကားတွေ ဘာတွေဆိုရင် ဟိုတုန်းက ကျနော်တို့ဆရာ တွေနဲ့ပတ်သက်ပြီး အကူအညီပေးခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်လို့အရင်ကတည်းက စည်းရုံးရေးခရီးစဉ်တွေ၊ သာရေးနာရေး အကုန်ရိုက် ပါတယ်။ ဒါ သူတို့လည်းသိပါတယ်။ ဒီကိစ္စမှာ ဒီ အခွေဆိုတာကလည်း အကူအညီတောင်းတဲ့အတွက် ကျနော် ရိုက်ပေးလိုက်တယ်လေ။ ဒါပါပဲ။ ဥပဒေမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဗွီဒီယို မရိုက်ရဆိုတာ မရှိဘူးလို့ကျနော်သိပါတယ်။

ကိုထက်အောင်ကျော် — ကိုခွန်မြင့်ထွန်းတို့နဲ့အတူ ကလေးမြို့ထောင်မှာ Hunger strike လုပ်ကြတယ်၊ အဲဒါကြောင့် ထောင်ပြောင်းတယ်ဆိုတာ ပြန် ရှင်းပြပေးပါဦး။

ကိုဆန်နီ — ကျနော်တို့ ကလေးထောင်မှာ ၄ နှစ်ကျော်နေတယ်။ ၉၈ မေက စပြီး ကျနော်ရောက်တယ်။ အဲဒီမှာ ထောင်ပိုင် ၄ ဆက် နေခဲ့တယ်။ ထောင်ပိုင် ၄ ဆက်မှာက နောက်ဆုံးထောင်ပိုင် ရောက်လာတဲ့အချိန်မှာ ကျနော်တို့ စားရေး နေရေးထိုင်ရေး အစစအရာရာ အရင်ထောင်ပိုင်တွေ ပေးခဲ့တဲ့

အနေအထားမျိုး မပေးတော့ဘူး။ တနေ့ကိုရေချိုးချိန် ၁၅ မိနစ်ပဲထုတ်မယ်၊ စသဖြင့်ပေါ့ နေရေးထိုင်ရေးစားရေးကို အကုန်ပိတ်ပင်ပစ်လိုက်တယ်။ အခြား အကျဉ်းသားတွေက လျှော့ရက်တွေရတယ်။ ကျနော်တို့နိုင်ငံရေးအကျဉ်းသားတွေကို ၉၉ ခုနှစ် တရက်နေ့ကစပြီး လျှော့ရက်တွေ မပေးတော့ဘူး။ အဲဒါကြောင့် ကျနော်တို့က မေးပါတယ်။ **Jail manual** အရပေါ့။ ကျနော်တို့ကို အကျဉ်းသားခံစားခွင့် လျှော့ရက်တွေ ဘာလို့မပေးတာလဲလို့။ ကိုခွန်မြင့်ထွန်းဆိုရင် ပြည့်နေပြီ၊ လွှတ်မပေးသေးဘူး။ ဘာလို့ လွှတ်မပေးသေးတာလဲ။ လွှတ်ပေးပါလို့ ကျနော်တို့ တောင်းဆိုတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျနော်တို့က အစာငတ်ခံဆန္ဒပြတယ်။ တတိယမြောက်တဲ့နေ့အထိ သူတို့ရေဖြတ်တယ်။ အစာလုံးဝ မစားဘူး၊ ရေမသောက်ဘူး။ လေးရက်မြောက်နေ့မှာ ကျနော်တို့ကို ပြောင်းပစ်လိုက်တာပဲ။ လေယာဉ်ပျံနဲ့ ချက်ချင်းတင်ပို့လိုက်ပါတယ်။ ကျနော်ကတော့ လွိုင်ကော်ထောင်ကို ရောက်သွားပါတယ်။ အများကြီးပဲ ခွဲပို့လိုက် ပါတယ်။

ကိုထက်အောင်ကျော် — အခု နိုင်ငံရေးအကျဉ်းသား တထောင်ကျော်ရှိရာမှာ ကိုဆန်နီက တိုက်တိုက်ဆိုင်ဆိုင် သင်္ကြန်မတိုက်မီလေးမှာ လွှတ်လာ တော့ တော်တော်များများက အခု အမျိုးသားညီလာခံလုပ်မယ်၊ သင်္ကြန်မှာ ဒေါ်စုအပါအဝင် နိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေးမယ် ဘာညာ ပြောနေကြ တာပေါ့။ ကိုဆန်နီလွှတ်လာတာက သင်္ကြန်နဲ့တိုက်ဆိုင်နေတော့ ကျန်တဲ့လူတွေလည်း လွှတ်လာမလားလို့ ထင်ပါသလား။

ကိုဆန်နီ — အမျိုးသားညီလာခံနဲ့ ပတ်သက်လို့ ကျနော့်ကိုလွှတ်ပေးတယ်လို့ ကျနော် မကြားမိပါဘူး။ ကျနော်တို့ကတော့ ထွက်လာပြီပေါ့။ ကျန်တဲ့ အကျဉ်းသားတွေလည်း အမြန်ဆုံးလွှတ်ပေးရင်တော့ ကောင်းတာပေါ့။ လွှတ်ပေးစေချင်ပါတယ်။ လွှတ်ပါစေလို့လည်း ကျနော်အမြဲဆုတောင်းနေပါတယ်။

## နှစ်ရှည်ထောင်ဒဏ်ကျခံခဲ့ရသူ ဦးငြိမ်းမောင်နှင့် ဆက်သွယ်မေးမြန်းချက်

*၁၆ ၊ မေ ၊ ၂၀၀၄ ခင်မောင်စိုးမင်း (ဒီဗွီဘီသတင်းထောက်၊ အိန္ဒိယ)*

၁၉၉၆ ခုနှစ် ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုတွင် နောက်ကွယ်မှ ပါဝင်ကူညီခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် နှစ်ရှည်ထောင်ဒဏ်ကျခံခဲ့ရာမှ ပြန်လွှတ်လာသူ ချောက်ရေနံမြေအလုပ်သမားကြီး ဦးငြိမ်းမောင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့သည်။

ခင်မောင်စိုးမင်း — ဦးငြိမ်းမောင်ကို ဘယ်လိုအမှုနဲ့ဖမ်းပြီး ထောင်ကျခဲ့ရတယ်ဆိုတာကို အရင်ပြောပြပေးပါလားခင်ဗျာ။

ဦးငြိမ်းမောင် — ၁၉၉၆ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုမှာ နောက်ကွယ်ကနေ ကြိုးကိုင်တယ်ဆိုပြီးတော့၊ ဗမာပြည်ကွန်မြူနစ်ပါတီက မြေအောက် လှုပ်ရှားတဲ့ပုဂ္ဂိုလ်များနဲ့ဆက်နွယ်ပြီး ကျနော်က ကူညီပံ့ပိုးတယ်ဆိုပြီး အမှုလုပ်တယ်။ ပြီးတော့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကြေညာစာတမ်း ကို အိမ်ကတွေ့တယ်၊ ပြန်ကြားရေးနဲ့ခွင့်ပြုတဲ့စာအုပ်တွေကို အိမ်ကနေသိမ်းသွားတယ်။ **UG** များကို ကျနော်က ကူညီတယ်၊ ပံ့ပိုးတယ်၊အိမ်ငှားပေးတယ် ဆိုပြီး ကျနော့်ကို ပုဒ်မတပ်ပြီးတော့ ထောင် ၇ နှစ်ချတယ်ဗျ။

ခင်မောင်စိုးမင်း — လာဖမ်းတုန်းက ဘယ်လို ဖမ်းသွားတယ်ဆိုတာ ပြောပြလို့ရမလားခင်ဗျာ။

ဦးငြိမ်းမောင် — ဒီဇင်ဘာ ၁၂ ရက်နေ့ နေ့လည် ၁၂ နာရီခွဲ တနာရီလောက်မှာ ရေနံချက်စက်ရုံကိုလာပြီး ကျနော့်ကို ခေါ်ဖမ်းသွားတယ်။ စဖမ်းတဲ့ ၁၂ ရက်နေ့က မိတ္ထီလာကို ပို့တယ်။ချောက်မြို့တပ်ထဲက ထောက်လှမ်းရေးရုံးကနေ ညနေ ၃ နာရီလောက်မှာ မိတ္ထီလာကို ခေါ်သွားတယ်။ ၆ နာရီလောက်ကနေ စစ်ကြောရေးဝင်လိုက်တာ မနက် ၃ နာရီလောက်မှ ပြီးတယ်။ အဲဒီမှာ ကျနော့်ကို ရိုက်နှက်ပြီးတော့ သွားနှစ်ချောင်းလည်း ကျိုးသွားတယ်။ နားတွေလည်း ပိတ်ရိုက်တော့ ခုချိန်ထိ ကျနော့်ဘယ်ဖက်နားက မကြားရဘူး။ လေထွက်နေတယ်ဗျ။ အဲလို စစ်ကြောပြီးတော့ မနက် ၃ နာရီလောက်မှာ မန္တလေးကို ကားနဲ့ ပို့တယ်ဗျ။ မန္တလေးမှာ လေယာဉ်အဆင်သင့်စောင့်နေပြီးတော့မှ ရန်ကုန်ကိုပို့တယ်ဗျ။

ခင်မောင်စိုးမင်း — ရန်ကုန်ပို့တယ်ဆိုတာက အမိန့်ချဖို့လား၊ ဒါမှမဟုတ် စစ်ကြောရေး ဆက်လုပ်ဖို့လားခင်ဗျာ။

ဦးငြိမ်းမောင် —ရန်ကုန်၊ ရေကြည်အိုင်စစ်ကြောရေးပေါ့။ အဲဒီမှာ စစ်ကြောရေး ထပ်ဝင်တယ်။ အဲဒီမှာလည်း နှိပ်စက်တယ်၊ ရိုက်နှက်တယ်။ ဇန်နဝါရီ ၆ ရက်မှာ အင်းစိန်ထောင်ကို ပို့တယ်ဗျ။ အင်းစိန်ထောင်မှာ ဇန်နဝါရီ ၆ ရက်ကနေ မတ်လ ၂၈ ရက်နေ့ထိ ကြာတယ်ဗျ။ ၁၃ ရက်နေ့မှာ ရုံးထွက်ရတယ်။ ၂၈ ရက်နေ့မှာ ကျနော်တို့ကို အမိန့်ချတယ်ဗျ။ အမိန့်ချပြီးတော့ အင်းစိန်သီးသန့်ထောင်ထဲမှာပဲထောင်ချတယ်။ အဲဒီကနေ ဧပြီလ ၂၆ ရက်နေ့မှာ သာယာဝတီ အကျဉ်းထောင်ကို ပို့တယ်ဗျ။

ခင်မောင်စိုးမင်း — ထောင်တွင်း အတွေ့အကြုံကိုရော ဘယ်လို ပြောပြချင်ပါသလဲခင်ဗျာ။

ဦးငြိမ်းမောင် — အင်းစိန်ထောင်မှာတော့အချုပ်သားဘဝပေါ့ဗျာ။ ထောင်ဝင်စာတွေ့တဲ့အချိန်၊ ရုံးထွက်တဲ့အချိန်တွေမှာ ခေါင်းစွပ်တွေစွပ်ပြီးတော့မှ ထွက်ရတယ်ဗျ။ အစားအသောက်ကတော့ ထောင်ထုံးစံအတိုင်းပေါ့။ ကောင်းကောင်းမွန်မွန် မကျွေးဘူးပေါ့ဗျာ။ သာယာဝတီထောင်ကို ပြောင်းတဲ့အခါကျ တော့ အစားအသောက် ဆိုးတယ်ဗျ။ ဆန်တွေက မကောင်းဘူးခင်ဗျ။ စပါးလုံးတွေ၊ ဖွဲတွေနဲ့။ ကောင်းကောင်းမွန်မွန် ချက်ကျွေးဖို့၊ ရေ ဝဝလင်လင်ချိုးရဖို့ ကျနော်တို့က တောင်းဆိုတယ်။ မနက် ၁၅ မိနစ်က ဂန်ဖလားတို့၊ မိလ္လာတို့ချပြီး လမ်း နည်းနည်းလျှောက် ၁၅ မိနစ်ပြည့်ရင် တိုက်ထဲပြန်ဝင်ရတယ်။ နေ့လည် ၁၅ မိနစ်က ရေချိုးဆင်းတယ်။ ရေချိုးပြီး လမ်းအမြန်လျှောက်၊ ၁၅ မိနစ်ပြည့်ရင် ချက်ချင်း တိုက်ထဲကို ပြန်ဝင်ရတယ်။ အဲဒါဟာ တနှစ်ခွဲလောက် ကြာတယ်ဗျ။

ခင်မောင်စိုးမင်း — ဒီအခြေအနေတွေနဲ့ ပတ်သက်လို့ အာဏာပိုင်တွေကို တောင်းဆိုတာမျိုးရော။

ဦးငြိမ်းမောင် — အသက်ကြီးတဲ့သူတွေ ပါတယ်။ ကျန်းမာရေးချို့တဲ့နေပြီ။ ကျယ်ကျယ်လွန့်လွန့်နေချင်တယ်။ ကျန်းမာရေးအရ တောင်ယာတွေ စိုက်ချင်တယ်ဆိုပြီး ကျနော်တို့ ၅ (ည) တွေ စားဖို့သောက်ဖို့လုပ်ချင်တယ်။ အဲလိုတောင်းဆိုတယ်။ အဲသူတို့က ကျယ်ကျယ်လွန့်လွန့် မပေးနိုင်သေးဘူး။

စောင့်ကြည့်မယ်လို့ပြောတယ်။ ဒါပေမယ့် ကျနော်တို့က မဖြစ်ဘူး အဲလိုနေရမှုဖြစ်မယ်ဆိုပြီး ထမင်း မဆွဲပဲ ဆန္ဒပြတော့ သူတို့က ညှိနှိုင်းပြီးတော့မှ တဖြည်းဖြည်းနဲ့ အကျယ်ပေးပါတယ်။ 'ခင်ဗျားတို့ ထမင်းစားပါ။ ခင်ဗျားတို့ကို အကျယ်ပေးပါ့မယ်။ နေ့လယ် ၁၁ နာရီကနေ ၂ နာရီကိုတော့ ထောင်ထုံးစံအရ ပိတ်ပါ့မယ်။ ဒါပေမယ့် တပတ်လောက် ခင်ဗျားတို့ကိုစောင့်ကြည့်မယ်။ တယောက်နဲ့တယောက် ဆက်သွယ်သလား၊ တတိုက်နဲ့တတိုက် စကားပြောသလား' အဲလိုစောင့်ကြည့်ပြီးတော့မှ ကျနော်တို့ကို အကျယ်ပေးပါတယ်။

ခင်မောင်စိုးမင်း — ဆေးဝါးကုသမှု အခြေအနေရော။

ဦးငြိမ်းမောင် — ဆေးဝါးတွေကတော့ ဘာမှကောင်းကောင်းမွန်မွန် မပေးဘူး။ ဘာရောဂါဖြစ်ဖြစ် Burmeton တို့၊ တရုတ် Paracetamol တို့၊ တရုတ် Digene တို့ပဲ ပေးတယ်။ တကယ့်တကယ် ကျန်းမာရေးချွတ်ယွင်းတဲ့အခါကျတော့ ထောင်ဝင်စာက သွင်းတဲ့ ပိုက်ဆံနဲ့ အပြင်ကဆေးဝယ်ရတယ်။ ကျနော်တို့ မိတ်ဆွေတွေ၊ ရဲဘော်တွေအချင်းချင်း တယောက်နဲ့တယောက် အကူအညီပေးရတယ်။

ခင်မောင်စိုးမင်း — ဦးငြိမ်းမောင် ထောင်ကျနေတဲ့အချိန်မှာ အိမ်က မိသားစုတွေရဲ့အခြေအနေရော ဘယ်လိုရှိပါသလဲ။

ဦးငြိမ်းမောင် — ကျနော်က ဝန်ထမ်းဆိုတော့အလုပ်ပြုတ်သွားတယ်။ မိသားစုတော့ ကစင့်ကလျားဖြစ်သွားတာပေါ့ဗျာ။ ကလေးတွေပညာရေး ပျက်ယွင်းသွားတယ်။ စီပွားရေးတွေ ဆုံးရှုံးပျက်ယွင်းသွားတယ်။ ထောင်ဝင်စာကို တနှစ်မှ တခေါက်၊ အလွန်ဆုံး နှစ်ခေါက်ပဲ လာနိုင်တယ်ခင်ဗျ။

ခင်မောင်စိုးမင်း — ထောင်က လွတ်လာပြီဆိုတော့ ရှေ့ဆက်ပြီး ဘာလုပ်မယ်လို့ စဉ်းစားထားပါသလဲ။

ဦးငြိမ်းမောင် — အခုကျန်းမာရေးတည်ဆောက်နေတဲ့ကာလဖြစ်တယ်။ ကျနော် စဉ်းစားနေပါတယ်ခင်ဗျ။ အစသို့

## သေဒဏ်ချမှတ်ထားမှုအပေါ် သက်ညှာစွာ စဉ်းစားပေးရန် RSF နှင့် BMA တို့ကတောင်းဆို

*၂၂ ၊ မေ ၊ ၂၀၀၄*

မတရား သေဒဏ်ချမှတ်ခံထားရသည့် First Eleven အားကစားဂျာနယ် အယ်ဒီတာ ကိုဇော်သက်ထွေး အမှုကို သက်သက်ညှာညှာ စဉ်းစားပေးရန် ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ RSF နှင့် မြန်မာသတင်းအဖွဲ့ BMA တို့က ယနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။

RSF ၏ကြေညာချက်၌ ကိုဇော်သက်ထွေးအမှုကို အောက်ခြေရုံးတွင် စတင်ကြားနာကတည်းက ဂရုတစိုက်လေ့လာသင့်ကြောင်း၊ ခိုင်လုံသည့် သက်သေအထောက်အထားမရှိဘဲ စာနယ်ဇင်းသမားတဦးကို သေဒဏ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် တရားသူကြီးချုပ် ဦးတင်အောင်အေးနှင့် ထိုအမှုကိုကိုင်တွယ်သူ တရားသူကြီး ဦးတင်အေးတို့အနေဖြင့် ကိုဇော်သက်ထွေး ၏အယူခံလွှာကို ငဲ့ညှာစဉ်းစားပေးရန် RSF နှင့် BMA တို့က တောင်းဆိုထားသည်။

ကိုဇော်သက်ထွေးနှင့်အတူ သေဒဏ်ချမှတ်ခံထားရသူ ၉ ဦးလုံးကိုပြန်လွှတ်ပေးရန် အကျိုးဆောင်ရှေ့နေကြီး နိုင်ငွေရက ယခုလ ၆ ရက်နေ့မှာပင် ဗဟိုတရားရုံး၌ လျှောက်လဲခဲ့သည်။ ထိုလျှောက်လဲချက်ကို တရားသူကြီးချုပ် ဦးတင်အောင်အေးနှင့် ဗဟိုတရားရုံး တရားသူကြီး ဦးတင်အေး တို့က ကြားနာခဲ့ပြီးနောက် နှစ်ပတ်ခန့်အကြာတွင်အပြီးသတ်အမိန့်ထုတ်ပြန်လိမ့်မည်ဟု မျှော်လင့်နေကြခြင်းဖြစ်သည်။

ထို့ကြောင့် နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး ကိုဇော်သက်ထွေး၏ဇနီး မခိုင်ခိုင်ကျော် (ခေါ်) မမေဇော်ကို မေးမြန်းကြည့်ရာ ယခုလို ပြောဆိုသည်။

"မသိရသေးဘူးအစ်မ။ ရက် အတိအကျသိလို့ရှိရင်တော့ ရှေ့နေက အကြောင်းကြားမယ်ပြောတယ်။ မနေ့က ဆက်ကြည့်တာတော့ မသိရသေးဘူး။ သူတို့ အမှုတွေတော့ ကျမ မသိဘူး။ ကျမ တရားရုံးမှာ သွားနားထောင်တော့ သူ့မှာ အပြစ်သိပ်မရှိဘူး။ ဘယ်ဟာကို အပြစ်ဆိုတာ ကျမ မသိဘူးလေ။ ဟိုအရင်က သိဖူးတဲ့ ပြည်ပကလူတယောက်က ဖုန်းဆက်တယ်။ အဲဒီဖုန်းဆက်တာကို လက်ခံတာပဲရှိတယ်။ လက်ခံပြီး ဖုန်းပြောလိုက်မိတယ်ပေါ့။ အဲဒါပဲ ကျမသိတယ်။ အဲဒါဟာ အပြစ် မဟုတ်လောက်ဘူးလို့ ကျမအနေနဲ့ ယူဆတာပေါ့"

ကိုဇော်သက်ထွေး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍လည်း ယခုလို ဆက်လက်ပြောပြသည်။

"ဒီတပတ်တော့ကောင်းပါတယ်။ ၁၁ ရက်နေ့ကလေ။ ပိန်ပိန်ညှော်ညှော်ကြီးတော့ မဖြစ်ဘူး။ ဘုရားရှိခိုးတယ်၊ ဆုတောင်းတယ်။ ကျန်းမာရေးကိုဂရုစိုက်ဖို့ပေါ့။ ရတနာသုံးပါး အောက်မေ့ဖို့၊ ဘုရားတရားပဲပြောတယ်။ ကျန်တာတော့ ဘာမှ မပြောဘူး"

ဇနီးတဦးအနေဖြင့် တရားသူကြီးကို လျှောက်လဲခွင့်သာရမည်ဆိုလျှင် ခင်ပွန်းဖြစ်သူ လွတ်မြောက်ရေးအတွက် ကိုယ်တိုင်လျှောက်လဲ တောင်းဆိုချင်ပါသည်ဟုလည်း မခိုင်ခိုင်ကျော် (ခေါ်) မမေဇော်က ယခုလိုပြောပြသည်။

"အမြန်လွှတ်ပေးစေချင်တယ်။ တရားသူကြီးနဲ့ နှစ်ယောက်ထဲသာ တွေ့ခွင့်ရရင် လျှောက်လဲနိုင်တယ်။ အမှုဖြစ်စဉ်ကို ပြန်ပြီးပြောပြပြီးတော့ ဘာများ အပြစ်ရှိပါသလဲလို့မေးပြီးတော့ အမှန်အတိုင်းဖြစ်ဖို့ပဲ တောင်းဆိုမှာပါ။ အမှန်အတိုင်းဖြစ်ရင်လည်း ဘာပဲပဲဖြစ်ဖြစ် ကိုဇော်သက်ကတော့ လွတ်လာမယ်လို့ ယုံကြည်တာပဲ။သူ့အမေဆိုလည်း အသက် ၇၀ ရှိပြီလေ။ သမီးတို့မှာ ညာထားရတာ။ ၅ နှစ်၊ ၂ နှစ်၊ ၃ နှစ် စသဖြင့် ပြောထားရတာ။ အဲဒါလေးတွေကို ငဲ့ပြီးတော့ဖြစ်စေချင်တာပဲ။ သိပ်တော့ မပြောတတ်ပါဘူးအစ်မရယ်။ ကိုဇော်သက် တခုခုဖြစ်သွားမှာ တအားစိုးရိမ်တယ်"

## အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသူဘိုးတော်ခင်ဝင်း (ခေါ်) ကိုခင်ဝင်း ဆေးဝါးကုသမှုခံယူနေရ

*၂၃ ၊ မေ ၊ ၂၀၀၄*

အင်းစိန်ထောင်တွင် မတရားအကျဉ်းချခံနေရသူ ဘိုးတော်ခင်ဝင်း (ခေါ်) ကိုခင်ဝင်း ကျန်းမာရေးအခြေအနေဆိုးရွားနေပြီး ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။ ကိုခင်ဝင်းသည် ပြီးခဲ့သည့်တပတ်မှစပြီး လက်နှစ်ဖက်စလုံး နာကျင်သည့် ဝေဒနာခံစားခဲ့ရခြင်းကြောင့် ထောင်အပြင်ဆေးရုံ၌ ဆေးဝါးကုသနေရပြီးယခုချိန်တွင် လက်နှစ်ဖက်လုံးဖြတ်ရမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ကိုခင်ဝင်းယခုလို ကျန်းမာရေးအခြေအနေ ဆိုးရွားနေရခြင်းသည် ထောင်တွင်း ညှဉ်းပမ်းနှိပ်စက်မှုများကြောင့် ဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) အတွင်းရေးမှူး ကိုတိတ်နိုင်က ယခုလို ပြောဆိုသည်။

"ဘာကြောင့်အဲလိုဖြစ်တာလဲဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ကတော့ စစ်ကြောရေးမှာ အကြာကြီးနေခဲ့ရတယ်။ ၂ လပိုင်းမှာ အဖမ်းခံရတယ်၊ အမိန့်ချတာက ၅ လပိုင်းမှာဆိုတော့ သူ စစ်ကြောရေးမှာနေရတဲ့ရက်တွေက အများကြီးဖြစ်တယ်။ ကျင်စက်တွေဘာတွေနဲ့ တို့ပြီးစစ်တယ်လို့ သိရတယ်။ အဲဒါကြောင့်သူ့ရဲ့လက်နှစ်ဖက်လုံးဟာ တဖြည်းဖြည်းနဲ့ သွေးတို့လေတို့ မလျှောက်တော့တဲ့သဘောပေါ့။ လက်ကတဖြည်းဖြည်း သေသေလာပြီးတော့ တော်တော်ကိုအခြေအနေဆိုးနေတယ်လို့ ကြားရတယ်။ ဒုတိယအကြိမ် ၂ နှစ်၊ ပထမအကြိမ် ၁၀ နှစ်နေခဲ့ရတော့ အဲလို နှစ်ရှည်လများနေခဲ့ရတဲ့လူတွေရဲ့ကျန်းမာရေးအခြေအနေကတော့ တော်တော်ဆိုးရွားနေတာတွေ့ရတယ်။ သူတယောက်ထဲ မဟုတ်ဘူး။ ဒေါက်တာမောင်မောင်ကျော်တို့၊ ဒေါက်တာသန်းငြိမ်းတို့၊ ဦးနိုင်းနိုင်းတို့၊ ဦးသုဝေတို့၊ ဦးထွေးမြင့်တို့ဆိုရင်လည်း ကျန်းမာရေးက တော်တော်ကို ဆိုးဆိုးရွားရွား ဖြစ်နေတဲ့ အနေအထားမျိုးရှိတယ်။ တကယ့် အသက်အန္တရာယ်ကို စိန်ခေါ်တဲ့အခြေအနေမျိုးရောက်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာဆိုရင် ဗမာတပြည်လုံးမှာ ၅၀ ပတ်ဝန်းကျင်လောက်ရှိမယ်လို့ ကျနော်တို့ စာရင်းရထားတာရှိပါတယ်"

ကိုခင်ဝင်းသည် ၁၉၈၉ ခုနှစ်တွင် ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဆိုသောစွပ်စွဲချက်နှင့် ပထမအကြိမ်ဖမ်းဆီးခံရပြီး ထောင် အနှစ် ၂၀ ချမှတ်ခံခဲ့ရသည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းတွင် ဒုတိယအကြိမ် ထပ်မံဖမ်းဆီးခံခဲ့ရပြီး ထောင်အနှစ် ၂၀ ချမှတ်ခံနေရခြင်းဖြစ်ကြောင်း ဒီဗွီဘီက စုံစမ်းသိရသည်။ အစသို့

## ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးခံထားရသူများထဲမှ ၂၇ ဦးကို ပြန်လည် လွှတ်ပေးလိုက်ကြောင်း သိရ

*၂၅ ၊ မေ ၊ ၂၀၀၄*

ဒီပဲယင်းကိစ္စနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံထားရသူများထဲမှ ၂၇ ဦးကို အာဏာပိုင်များက ယနေ့ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ ထိုအထဲမှ အများစုသည် ဒီပဲယင်းလုပ်ကြံမှုဖြစ်ပွားခဲ့သည့် ခင်ဦးနှင့်ကျီရွာဒေသမှဖြစ်ပြီး ရွှေဘိုထောင်မှ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် အမည်စာရင်း အတိအကျကိုတော့ မသိရသေးပေ။ အလားတူ စဉ့်ကိုင်နှင့် မတ္တရာမြို့များမှ ဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ်ဝင် ၁၀ ဦးကိုလည်း မန္တလေးထောင်မှ ယနေ့ ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ ၎င်းတို့ကို စစ်ထောက်လှမ်းရေးများက အိမ်တိုင်ရာရောက် ပို့ပေးခဲ့ခြင်းဖြစ်သည်။ မန္တလေးထောင်က ပြန်လွှတ်လာသူများ၏ အမည်စာရင်းကိုမန္တလေးအမျိုးသမီးခေါင်းဆောင်တဦးဖြစ်သူ ဒေါ်ဝင်းမြမြ မြမြက ယခုလို ပြောပြခဲ့သည်။

"မတ္တရာမြို့နယ်က ၆ ဦးကတော့ မြို့နယ်စည်း ဦးညို၊ မောင်ဇော်လင်း၊ မောင်နိုင်သန်း၊ မောင်စိုး၊မောင်ထွန်းထွန်း၊ မောင်ပြည့်ဇော်ထွေး။ စဉ့်ကိုင်မြို့နယ်က မြို့နယ် ဒု-ဥက္ကဋ္ဌ ဦးစိန်ထွန်း၊ ကိုလှရွှေ၊ ကိုသိန်းနိုင်၊ မြို့နယ် တွဲဖက်အတွင်းရေးမှူး ကိုသန်းဦးမောင်။ စုစုပေါင်း ၁၀ ဦး လွှတ်ပါတယ်။ အားလုံးဟာ (၄၀၁) ကို လက်မှတ်ထိုးပြီး ထွက်လာရတာဖြစ်ပါတယ်"

နောက်ထပ်ရရှိသည့်သတင်းများအရ ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း သိမ်းဆည်းခဲ့ရသည့်ကားများထဲမှ ၆ စီးကို မနေ့က ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။ အာဏာပိုင်တို့၏ အကြောင်းကြားချက်အရ မန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘိုဇံနှင့် အနောက်မြောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်တို့က အမရပူရအခြေစိုက် အမှတ် ၁၀ ထောက်လှမ်းရေးတပ်အတွင်း သွားရောက်ထုတ်ယူခဲ့ရပြီး သက်ဆိုင်ရာပိုင်ရှင်များကို ပြန်လည်လွှဲအပ်ပေးလိုက်ပြီဖြစ်ကြောင်း ဦးတင်အောင်အောင်က ပြောဆိုသည်။ ကားပိုင်ရှင်များ၏အမည်များကိုလည်း ယခုလို ပြောကြားခဲ့သည်။

"အမရပူရ ဦးလှမြင့်ရဲ့ကား ဟိုင်းလက်စ် (ဏ/၃၇၀၄)၊ ဘုတလင်က ဦးတင့်ဆွေ (ဏ/၂၁၉၄)၊ ဦးသောင်းရွှေပိုင်တဲ့ ဟိုင်းလက်စ် (ဘ/၅၇၂၆)၊ ဦးသောင်းညွန့်ပိုင် ဆန်နီ (ဘ/၅၃၄၄)၊ ဦးကျော်ဝင်း ပိုင်တဲ့ ဆန်နီ (ဓ/၁၀၁)၊ စစ်ကိုင်းတိုင်း ဒု-ဥက္ကဋ္ဌ ဦးဘာဘာပိုင်တဲ့ ဂျစ်ကား (စ/၃၁၁၈)။ မနေ့ကမန္တလေးက ၄ စီး။ စစ်ကိုင်းတိုင်းက ၂ စီးတော့ ဒီနေ့ထုတ်ပေးလိုက်ပါတယ်။ ကျနော်တို့ ပြန်လွှဲပေးလိုက်ပါတယ်။ သက်ဆိုင်ရာက မန္တလေးမှာပဲ ထုတ်ပေးပြီး ကျနော်တို့ကလည်း မန္တလေးမှာပဲ ပိုင်ရှင်များကို လွှဲပေးလိုက်ပါတယ်"

ကျန်နေသေးသည့်ကားများနှင့် ဆိုင်ကယ်များအကြောင်းမေးမြန်းသည့်အခါ ၎င်းက ယခုလို ဆက်ပြီး ရှင်းပြခဲ့သည်။

"ဦးတင်ဦးစီးတဲ့ကား ရထားပြီလေ။ ခု ၆ စီးနဲ့ဆို ၇ စီးပေါ့။ ဒေါ်အောင်ဆန်းစုကြည်ကား မယူသေးဘူး။ နောက်ထပ် ကား ၃ စီး ကျန်ပါသေးတယ်။ဒေါ်အောင်ဆန်းစုကြည်ကားကတော့ ပြင်ပြီးပြီနဲ့တူတယ်ဗျ။ မထုတ်သေးတာပေါ့။ ကျန်တဲ့ကား ၃ စီးကတော့ ပျက်စီးတာများတော့ ဥပမာ ဒေါ်ဝင်းမြမြ စီးတဲ့ကားဆိုရင် သစ်ပင်နဲ့ဝင်ဆောင့်တာဆိုတော့ ရှေ့ကတ်အိမ်က တော်တော်လေးကို ပိန် သွားတယ်။ ပြင်ဆဲလို့ ပြောပါတယ်။ ပြင်ပြီးရင် ထုတ်ပေးမယ်လို့။ ရက်တော့ မပြောပါဘူး။ ဆိုင်ကယ်က ၇၄ စီး ဟိုမှာရှိတယ်လို့ ပြောတယ်။ မန္တလေးကတော့ တစီးပဲ။ အဲဒီတစီးကတော့ နံပါတ်

တွေဘာတွေလွဲနေလို့ စစ်ဆေးတုန်းပါပဲ။ ဦးကျော်အောင်ရဲ့ ဆိုင်ကယ်ပါ။ ဟိုမှာသိမ်းဆည်းထားတာ ၇၄ စီးလို့တော့ကြားတယ်။ Without တွေ ဘာတွေ မပါဘူးလို့ထင်တာပဲ"

သို့ရာတွင် ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးခံခဲ့ရသူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးကိုယခုချိန်ထိ ပြန်လွှတ်ပေးခြင်းမရှိသေးကြောင်း သိရသည်။ အစသို့

## ဒီပဲယင်းကိစ္စနှင့်ဆက်စပ်၍ ဖမ်းဆီးခံရသည့် ရွှေဘိုနှင့် မန္တလေးထောင်တို့မှ ပြန်လည်လွှတ်မြောက်လာသူ ၂၇ ဦး၏ အမည်စာရင်း

*၂၆ ၊ မေ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းကိစ္စနှင့်ဆက်စပ်ပြီး ရွှေဘိုထောင်နှင့်မန္တလေးထောင်တို့၌ ဖမ်းဆီးထားသူ ၂၇ ဦးကို မနေ့က ပြန်လွှတ်ပေးလိုက်သည့်အကြောင်း ဒီဗွီဘီက သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ရွှေဘိုထောင်မှ ၁၇ ဦးနှင့် မန္တလေးထောင်မှ ၁၀ ဦး ပြန်လွှတ်လာခြင်းဖြစ်ပြီး မန္တလေးထောင်မှ ပြန်လွှတ်လာသူ ၁၀ ဦးမှာ မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်မှ ၄ ဦးနှင့် မတ္တရာမြို့နယ်မှ ၆ ဦးဖြစ်သည်။ ရွှေဘိုထောင်မှလွှတ်လာသူ ၁၇ ဦးမှာ ဒီပဲယင်းမြို့နယ်မှ ၄ ဦး၊ ရေဦးမြို့နယ်မှ ၃ ဦး၊ ခင်ဦးမြို့မှ ၃ ဦး၊ ကျီရွာမှ ဘုန်းကြီး ၂ ပါး အပါအဝင် ၆ ဦးနှင့် ရွှေဘိုမြို့မှ ၁၁ ဦးတို့ ဖြစ်ကြသည်။

ရွှေဘိုထောင်မှ ပြန်လွှတ်လာသူ ၁၇ ဦးမှာ...

ဒီပဲယင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်အောင်၊ မြို့နယ်အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အဖွဲ့ဝင် ဦးတင်လှိုင်၊ ဦးတိုက်သန်း၊ ရွှေဘိုမြို့မှအဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုမိုးဆွေဦး၊ ရေဦးမြို့မှ ကိုကျော်ရှည်၊ ကိုထွန်းထွန်းဟန်နှင့် ကိုမြင့်ဇော်၊ ခင်ဦးမြို့မှ ကိုတင်မြင့်၊ ကိုမျိုးအောင်၊ ကိုတင်ကို၊ ကျီရွာမှ ကိုကြီးညို၊ ကိုတိုက်မင်း၊ ကိုသိုက်ငွေ၊ ကိုတင်အောင်လွင်နှင့် ဘုန်းတော်ကြီး ၂ ပါးဖြစ်သည့် ဦးဝိမလနှင့် ဦးဇဝနတို့ ဖြစ်ကြသည်။

မန္တလေးထောင်မှ ပြန်လွှတ်လာသူ ၁၀ ဦးမှာ...

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်မှ မြို့နယ်အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ဦးညို၊ မောင်ဇော်လင်း၊ မောင်နိုင်သန်း၊ မောင်စိုး၊ မောင်ထွန်းထွန်း၊ မောင်တင့်ဇော်ထွေး၊ စဉ့်ကိုင်မြို့မှ မြို့နယ်အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးစိန်ထော၊ တွဲဘက်အတွင်းရေးမှူး ကိုစန်းဦးမောင်၊ ကိုလှရွှေနှင့်ကိုသိန်းနိုင်တို့ဖြစ်ကြသည်။

ထောင်မှပြန်လွှတ်လာသူများကို မန္တလေးတိုင်းအဖွဲ့ချုပ်တိုင်းစည်းအဖွဲ့ဝင် ဦးကိုကြီးနှင့် ဒေါ်ဝင်းမြမြတို့ဦးဆောင်သည့် အဖွဲ့ချုပ်ဝင်များ ယနေ့ သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားခဲ့ကြောင်းလည်း သိရသည်။ အစသို့

## အဖွဲ့ချုပ်ဝင် ၃ ဦးအပါအဝင် ၁၁၈ ဦးကို မုံရွာနှင့် မန္တလေးထောင်များတွင် ဆက်လက် ဖမ်းဆီးထားဆဲဖြစ်

*၂၆ ၊ မေ ၊ ၂၀၀၄*

ဒီပဲယင်းကိစ္စနှင့်ဆက်နွယ်ပြီး ဖမ်းဆီးခံရသူ ၂၇ ဦး မနေ့က ပြန်လွှတ်လာသော်လည်း မုံရွာမြို့မှ အဖွဲ့ချုပ်ဝင် ၃ ဦးအပါအဝင် ၁၁၈ ဦးမှာ မုံရွာထောင်နှင့် မန္တလေးထောင်တို့၌ ဆက်လက်ဖမ်းဆီးခံနေရဆဲဖြစ်ကြောင်းသိရသည်။ မုံရွာမြို့မှ ဖမ်းဆီးခံထားရသူများ၏အမည်စာရင်းကို မုံရွာ လွှတ်တော်ကိုယ်စားလှယ် ဦးစောအောင် စောအောင်က ယခုလို ပြောဆိုခဲ့သည်။

"ကိုဉာဏ်ဝင်းထွန်း (ထောင် ၁၀ နှစ်)၊ ကိုထက်အောင် (ထောင် ၁၀ နှစ်)၊ ကိုရဲထွဋ်(ခေါ် )ကိုထွန်းကြီး (ထောင် ၁၀ နှစ်)၊ ကိုချမ်းငြိမ်းအောင် (ထောင် ၁၀ နှစ်)၊ ကိုကုဋေစိုး (ထောင် ၁၀ နှစ်)၊ ကိုချမ်းမြေ့အောင် (ထောင် ၁၀ နှစ်)၊ ကိုမျိုးသန့် (ခေါ်)ကိုဝိတ္တား (ထောင် ၁၀ နှစ်၊ ကိုပေါက်တူး (ခေါ် ) ကိုအောင်သန်းဝင်း (ထောင် ၁၀ နှစ်)၊ ကိုထွန်းဇော် (ထောင် ၁၀ နှစ်)၊ ကိုချိန် (ခေါ်) ဗလီချိန်း (ထောင် ၃ နှစ်)၊ ကိုအောင် (ထောင် ၃ နှစ်)၊ ကိုယုလွင် (ထောင် ၁၄ နှစ်)၊ ဒေါ်တူး (ကိုယုလွင်ရဲ့အမေ) (ထောင် ၂ နှစ်)၊ ကိုမင်းနိုင် (ကိုယုလွင်ရဲ့ ညီအစ်ကိုတဝမ်းကွဲ) (ထောင် ၁၂ နှစ်)၊ ဗဟိုတရားရုံးရှေ့နေ ကိုစောထွန်းက ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) နှင့် (ထောင် ၂ နှစ်)၊ ကိုစန်းရွှေ (ခေါ်) ကိုပု (ထောင် ၇ နှစ်)၊ ကိုအုံ့မိုးဝင်း (ခေါ်) ကိုအုံ့မိုး (ထောင် ၇ နှစ်)၊ မြင့်ဇော်ဦး (ခေါ်)ကိုဇော်ကြီး (ထောင် ၇ နှစ်)၊ အဖွဲ့ချုပ်ဝင်တွေကတော့ ကိုမင်းနိုင်၊ ကိုစောထွန်း၊ ကိုစန်းရွှေ (ခေါ်)ကိုပု တို့ပါ"

ယခုလို ဖမ်းဆီးခံရသူများအပြင် အဖွဲ့ချုပ်မြို့နယ်စည်းအဖွဲ့ဝင် ၅ ဦးမှာလည်း အာဏာပိုင်တို့က ဖမ်းဝရမ်းထုတ်ထားခြင်းကြောင့် ယခုချိန်ထိ နေအိမ်များမှ ရှောင်တိမ်းနေရဆဲဖြစ်ကြောင်း မုံရွာမြို့မှ အဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သူ ဒေါ်ခင်သန်း က ပြောပြခဲ့သည်။

"ဒီပဲယင်းကိစ္စနဲ့နွယ်ပြီးတော့ ရှောင်နေရတာက မုံရွာမြို့နယ်စည်းကော်မတီထဲက ၅ ယောက်ပါ။ ဦးစောအောင်ကတော့ အခု ညီလာခံ ဖိတ်ကြားခြင်းခံရတယ်ဆိုတော့ ဝရမ်းပလပ်တဲ့သဘောမျိုးလို့ သတ်မှတ်ရတာပေါ့။ သို့သော် အာဏာပိုင်တွေက ရှင်းရှင်းလင်းလင်းပြောတာတော့ မရှိဘူးပေါ့။ ကိုသန်းဝင်း၊ ဦးအောင်စိုး၊ ဦးဖြူဝင်း၊ ဒေါ် မြင့်မြင့်တို့ရှောင်နေရတာ"

အလားတူ ဒီပဲယင်းခရီးစဉ်အတွင်း အဖမ်းခံရသူ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးတို့လည်း ယခုချိန်ထိ နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ အစသို့

## မေလ စည်းရုံးရေးခရီးစဉ်အတွင်း ဖမ်းဆီးခံထားရသူ ကိုရှင်းသန့် ကသာထောင်မှ ပြန်လည်လွတ်မြောက်

*၂၇ ၊ မေ ၊ ၂၀၀၄*

ဒေါ်အောင်ဆန်းစုကြည်၏ မေလစည်းရုံးရေးခရီးစဉ်အတွင်း အဖမ်းခံရသူများထဲမှ အင်းတော်မြို့အဖွဲ့ချုပ်ဝင် ကိုရှင်းသန့် တနင်္ဂနွေနေ့က ကသာထောင်မှ ပြန်လည်လွတ်မြောက်လာကြောင်း သိရှိရသည်။ သို့သော် တခြားအဖွဲ့ချုပ်ဝင်များဖြစ်ကြသည့် ကိုတင်မောင်ဝင်းနှင့် ကိုသန်းအောင်တို့ ၂ ဦးမှာ ကသာထောင်၌ ဆက်လက် အကျဉ်းကျခံနေရဆဲဖြစ်သည်ဟု သိရသည်။ အင်းတော်မြို့နယ် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုရှင်းသန့်ကို မေ ၃၀ ဒီပဲယင်းလုပ်ကြံမှုဖြစ်ပြီး မကြာခင်မှာပင် နအဖ စစ်ထောက်လှမ်းရေးများက ဖမ်းဆီးထောင်ချခဲ့ခြင်းဖြစ်သည်။ ကိုတင်မောင်ဝင်းနှင့် ကိုသန်းအောင်တို့သည် ဒေါ်အောင်ဆန်းစုကြည် အင်းတော်သို့လာရောက်စဉ် မီးပျက်နေသည့်အတွက် ကြိုဆိုထောက်ခံတဲ့သူများကို ဖယောင်းတိုင်ဝေပေးခဲ့ခြင်းကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

ထို့အတူ ဒီပဲယင်းလုပ်ကြံမှုနှင့်ပတ်သက်ပြီး ဒီပဲယင်းမြို့မှဖမ်းဆီးခံခဲ့ရသူ အဖွဲ့ချုပ်ဝင် ကိုမြင့် (ခေါ်) ကိုတင်မြင့်လည်း ရွှေဘိုထောင်၌ ဆက်လက်ချုပ်နှောင်ခံနေရဆဲဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အစသို့

## နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန်မျှော်လင့်မှု မရေမရာရှိနေဆဲ

*၃၀ ၊ မေ ၊ ၂၀၀၄*

မေ ၁၇ အမျိုးသားညီလာခံမတိုင်မီ မတရားအကျဉ်းချထားသည့် နိုင်ငံရေး အကျဉ်းသားအားလုံးပြန်လွှတ်ပေးရန်လိုအပ်ကြောင်း နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အတိုက်အခံအင်အားစုများက တိုက်တွန်းတောင်းဆိုနေကြသလို နိုင်ငံရေးအကျဉ်းသားမိသားစုဝင်များကိုယ်တိုင်ကလည်း လွှတ်ပေးလိမ့်မည်ဟုမျှော်လင့်နေကြသည်။ သို့သော် အများစုက ယခင်ကလည်း ထိုအခြေအနေမျိုး မကြာခဏကြုံတွေ့ခဲ့ပြီး တကယ်ဖြစ်မလာသည့် သာဓကများ ရှိခဲ့ဖူးသောကြောင့် ယခုအကြိမ်တွင်လည်း အပြည့်အဝမျှော်လင့်မထားကြောင်း ပြောဆိုသည်။

ထောင်ဒဏ်နှစ်ရှည်ကျခံနေရပြီး ယခု ကျန်းမာရေးမကောင်း၍ အင်းစိန်းထောင်ဆေးရုံတွင်ဆေးကုသခံနေရသည့် ညောင်လေးပင်လွှတ်တော် ကိုယ်စားလှယ် ဦးအုန်းမောင်၏ဇနီး ဒေါ်ခင်ကြည်ကြည်၏ မျှော်လင့်ချက်မှာ ...

"မျှော်လည်းမျှော်လင့်တယ်။ အတိအကျကြီးလည်း သိပ်မဖြေရဲဘူး။ မျှော်လင့်ချက်က ဖြစ်လာမလား မလာဘူးဆိုတာ ဒေါ်လေးက အတိအကျ

ပြောလို့မရပါဘူး။ ဘာလို့လဲဆိုတော့ အချိန်တိုင်းမှာထင်တိုင်းလည်း တခါမှဖြစ်ဖြစ်မလာတော့ ဒေါ်လေးတို့အနေနဲ့ အမျိုးမျိုးကြားတာပေါ့၊ ဘယ်နေ့ဘယ်လိုလွှတ်မယ်ဆိုတာတွေ ကြားနေရပေမယ့် နောက်တော့ ဘာမှလည်းဖြစ်မလာဘူးဆိုတော့ အခုလည်း အဲဒီအတိုင်းပဲပေါ့။ မျှော်လည်း မျှော်လင့်တယ်။ တဖက်ကလည်း ပြန်စဉ်းစားမိတာပေါ့။ အရင်လိုပဲ သတင်းတွေဖြစ်ပြီးတော့ နောက် ဘာမှလည်းအကြောင်းမထူးဘူးပေါ့။ စိတ်ထဲမှာ အဲလို နှစ်မျိုးဖြစ်တာပေါ့"

မန္တလေးထောင်တွင် အကျဉ်းကျခံနေရသည့် ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်၏ဖခင်ဦးဝင်းမောင်က ကျန်းမာရေးမကောင်း ဖြစ်နေသည့် သားဖြစ်သူ လွှတ်မြောက်လာမည့်ရက်ကို နေ့စဉ်မျှော်လင့်နေကြောင်း ရင်ဖွင့်ပြောကြားသည်။

"ကျနော်တို့က ပိုပြီးတော့မျှော်လင့်တာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ ကျန်းမာရေးအခြေအနေမကောင်းတဲ့အပေါ်မှာ ဝေဒနာခံစားနေရတာ တွေ့နေရတာ စိတ်ထဲမှာ ဘယ်လိုမှ မဖြောင့်နိုင်ဘူးလေ။ ဟိုမှာ Treatment ကလည်း ပေးတယ်ဆိုပေမယ့် စိတ်တိုင်းကျဖြစ်ချင်မှလည်းဖြစ်မှာပေါ့။ မိဘလိုတော့ဘယ်ကရစိုက်နိုင်ပါ့မလဲ။ ပြီးတော့ ရုပ်ပိုင်းရော၊ စိတ်ပိုင်းရောက အားရကျေနပ်လောက်တဲ့အနေအထားမှ မဟုတ်ပဲကိုး။ အဲတော့ ကျနော်တို့ကတော့ အမြဲတမ်းမျှော်လင့်နေပါတယ်။ ကျနော်တို့က ပိုမျှော်လင့်ရတာပေါ့"

မြစ်ကြီးနားထောင်တွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူ ဒေါက်တာဇော်မြင့်မောင်၏ဇနီး ဒေါ်ယုယုမေကလည်း နအဖ အနေဖြင့် လူသားချင်း စာနာပြီး ညီလာခံမတိုင်မီ နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွှတ်ပေးသင့်ကြောင်း ပြောဆိုသည်။

"ကျမ တအားမျှော်လင့်တာပေါ့။ လွှတ်လည်းလွှတ်သင့်တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ညီလာခံ စုစည်းပြီးလုပ်မယ်ဆိုတော့ လက်နက်ကိုင် အဖွဲ့အစည်းတွေတောင်မှ ဒီညီလာခံမှာ ငြိမ်းချမ်းရေးယူပြီး တက်ကြွဦးမှာလေ။ ကျမတို့ အမျိုးသားအချင်းချင်းပဲ ယူဆချက်တွေမတူတာနဲ့ အထဲရောက်နေတဲ့သူတွေ၊ နှစ်ရှည်ကျခံထားရတဲ့သူတွေကို လူလူချင်းစာနာပြီးတော့ ဒီညီလာခံကို ကြိုဆိုသောအားဖြင့် ပေးသင့်တယ်။ လွှတ်လည်းလွှတ်မယ်လို့ထင်တာပဲ။ ကျမကတော့ အများကြီးမျှော်လင့်ပါတယ်"

အစသို့